မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၃၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သမိုင်းတန်ဖိုးကြီးမားသည့် နေ့ထူးနေ့မြတ်

"ပြည်ထောင်စုနေ့"သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကိုလိုနီနယ်ချဲ့တို့၏ နှစ်ပေါင်း ၁၀၀ ကျော် ကျွန်ပြုစိုးမိုးမှုအောက်မှ တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ဆန့်ကျင်ရုန်းထွက်ကာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ပြန်လည်မွေးဖွားသန့်စင်ပေးနိုင်ခဲ့သည့် သမိုင်းတန်ဖိုးကြီးမားလှသော နေ့ထူးနေ့မြတ် မင်္ဂလာနေ့ရက် တစ်ရက်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တည်ခင်းဧည့်ခံသော (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲ နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ၂၀၀၉ ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၉ ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာ စားပွဲကျင်းပသည့် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်သို့ ညနေ ၆နာရီခွဲတွင် ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊

စာမျက်နှာ ၃ ကော်လံ ၁ ■

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်)

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး ကြိုးပမ်းဖော်ဆောင် တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းပါဝင်လက်တွဲ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းသည် ဖေဖော်ဝါရီ ၇ ရက်က စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့သို့ ရောက်ရှိခဲ့ကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့သည် ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသလျက်ရှိသော မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကား ပြောကြားခဲ့ကြသည်။ မျက်စိဝေဒနာရှင်များ၏ မျက်စိစစ်ဆေးမှုအခြေအနေ၊ ခွဲစိတ်ကုသမှုအခြေအနေနှင့် ဆေးဝါးထောက်ပံ့မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကန့်ဘလူ၊ ကျွန်းလှ၊ ရွှေဘို၊ တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ ဝက်လက်၊ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသိုနှင့် ပင်လည်ဘူးတို့မှ မျက်စိဝေဒနာရှင်များ လာရောက်ကုသမှုခံယူခဲ့ကြခြင်း ဖြစ်သည်။

နိုင်ငံတော်မှ မျက်စိဝေဒနာရှင်များကို အခမဲ့ကုသပေးခြင်းဖြစ်ပြီး လာရောက်ပြသသော မျက်စိဝေဒနာရှင်ပေါင်း ၃၉၈၂ဦး၊ အကြီးစားခွဲစိတ်ကုသသည့် မျက်စိဝေဒနာရှင်ပေါင်း ၄၄၃ဦး၊ အသေးစားခွဲစိတ်ကုသသည့် မျက်စိဝေဒနာရှင်ပေါင်း ၁၈၁ ဦး၊ မျက်မှန်တပ်ရန်စမ်းသပ်သည့် မျက်စိဝေဒနာရှင်ပေါင်း ၂၃၇၃ဦး၊ မျက်မှန်တပ်ဆင်ပြီး ဝေဒနာရှင်ပေါင်း ၁၈၆၅ ဦးတို့အား ယင်းဆေးရုံ၌ အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ရန်ကုန်မြို့ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် ၅၀၀ မှ မျက်စိ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ မျက်စိအထူးကု ဆရာဝန်ကြီးများသည် တိုင်း၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၏ ပူးပေါင်းအထောက်အကူပြုမှုနှင့် မျက်စိဝေဒနာရှင်များအား အောင်မြင်စွာခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့ပေသည်။

နိုင်ငံတော်အစိုးရသည် ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်မှု၊ စေတနာရှင်တို့၏ ထက်သန်သော လှူဒါန်းမှုဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် မြန်မာနိုင်ငံ ဒေသအသီးသီးတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသမှုလုပ်ငန်းကို ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ တိုင်းရင်းသား ပြည်သူများကပါ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထက(၁)ဒဂုံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၁၉၇၅-၂၀၀၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား မတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ဆရာကန်တော့ပွဲကျင်းပမည်ဖြစ်သည်။ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် မသီရိမာ ဖုန်း-၀၉-၅၀-၂၁၂၄၁၊ နုနုရီ ဖုန်း-၀၉-၅၁-၇၈၄၀၇၊ မြတ်စိုးဝင်း ဖုန်း-၀၉-၅၁-၂၆၇၇၅၊ ဇော်မင်းဦး ဖုန်း-၀၉-၅၀၀-၂၅၇၁၊ လှမျိုးထွန်း ဖုန်း-၆၅၂၃၂၁၊ ၆၅၂၁၁၆၊ ၆၅၂၂၄၀၊ ကေခိုင်လင်း ဖုန်း-၀၉-၅၁-၂၇၂၁၅၊ ချိုလေးလွင် ဖုန်း-၂၄၀၄၈၃၊ အေးအေးမျိုး ဖုန်း-၀၉-၅၀-၁၆၆၀၅နှင့် ဝင့်ကြည်ညွန့် ဖုန်း-၀၉-၅၁-၁၂၅၂၁နှင့် အောင်သူထွန်း ဖုန်း-၀၉-၅၁-၃၂၈၅၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဆီဆိုင်မြို့နယ်၌ အလင်းရောင်စာကြည့်တိုက်ဖွင့်

ဆီဆိုင် ဖေဖော်ဝါရီ ၁၂

ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စု နောင်လိတ်ကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၃ရက် မွန်းလွဲ၁နာရီက စာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဒေါ်ရီရီမေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် ကုန်းဆွတ်ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းအောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၃-၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၅	၅။	မဟာဂီတချိုကြည်မြ
၄း၃၅	၆။	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ဓာတုဗေဒ)
၄း၅၀	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၂၅	၉။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၂၂)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ရှင်သန်နေသောသီချင်းများ (Living Songs) **ကမ္ဘာပေါ်ကချစ်သူများ** (အပိုင်း-၂)
	၂၂။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲကပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၁၉)

စက်သုံးဆီဖြန့်ဖြူးရောင်းချရာတွင် အခြင်အတွယ် ပြည့်ဝမှန်ကန်ရေး
စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(မြင်းမူ)သို့ ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဝန်ကြီးအား သိုလှောင်ဌာနခွဲမန်နေဂျာက စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက စက်သုံးဆီများ ဖြန့်ဖြူးပေးရာတွင် အခြင်အတွယ်တိကျမှန်ကန်စေရန်၊ စက်သုံးဆီ လက်ခံသိုလှောင်ရာတွင်လည်း အတိုး၊ အလျော့ မရှိစေဘဲ တိကျမှန်ကန်စွာ ဆောင်ရွက်ကြရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအထူးဂရုပြုကြရန်မှာကြားသည်။

ပြည့်ဝမှန်ကန်

ထို့နောက် ဝန်ကြီးသည် စစ်ကိုင်းမြို့ စက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၆၂၂)သို့ သွားရောက်ပြီး စက်သုံးဆီ ဖြန့်ဖြူးရောင်းချနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ စက်သုံးဆီ အခြင်အတွယ် ပြည့်ဝမှန်ကန်စေရေး၊ ပြည်သူလူထုနှင့် အဆင်ပြေချောမွေ့စွာဆက်ဆံရေးကို အထူးအလေးထားဆောင်ရွက်သွားကြရန် တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မန္တလေးမြို့ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးသို့ ရောက်ရှိကာ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စက်သုံးဆီ ပြတ်လပ်မှုမရှိစေရေး၊ မသမာမှုများ ပပျောက်စေရေး မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဝန်ကြီးသည် ယင်းနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ပလိပ်မြို့ရှိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ CNG အရောင်းဆိုင်သို့ သွားရောက်ပြီး မော်တော်ယာဉ်များသဘာဝဓာတ်ငွေ့ ဖြည့်တင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက CNG ယာဉ်များအား သတ်မှတ်ဖိအားအတိုင်း ပြည့်မီအောင် သဘာဝဓာတ်ငွေ့ ဖြည့်တင်းပေးရေး၊ ပြည်သူလူထုနှင့် ပြေပြစ်စွာဆက်ဆံရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကိုမှာကြား၍ မော်တော်ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် ရွှေကူမြို့ အထက(၁)
ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရွှေကူ ဖေဖော်ဝါရီ ၁၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဧပြီ ၂၅ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အထက(၁) ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများသည်ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံတက်ရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပူဇော်ကန်တော့ပွဲ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

လှူဒါန်းနိုင်

အလှူငွေများကို ဦးကျော်ဝင်း (ကျောင်းအုပ်ဆရာကြီး-အထက-၁)ဖုန်း-၀၇၄-၅၂၀၂၈၊ ဦးဝင်းမောင်သိန်း ဖုန်း-၀၇၄-၅၂၀၅၆၊ ဦးအောင်နိုင် ဖုန်း-၀၇၄-၅၂၁၁၉၊ ဒေါ်သီသီ(ပြာဒီးကိတ်) ဖုန်း-၀၇၄-၅၂၂၅၄၊ ၅၂၂၂၇၊ ဒေါ်ဝါဝါကို(အထက-၁)ဖုန်း-၀၇၄-၅၂၀၃၄နှင့် ဦးသိန်းနိုင်(စာရင်းရုံး) ဖုန်း-၀၇၄-၅၂၂၈၆၊ ၅၂၀၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သမ္မတဟူကျင်တောင် အာရှနှင့်အာဖရိက ခရီးစဉ်စတင်

ရီယာ့ဒ် ဖေဖော်ဝါရီ ၁၂

တရုတ်သမ္မတဟူကျင်တောင်သည် အာရှငါးနိုင်ငံနှင့် အာဖရိက ခရီးစဉ်အတွင်း ဆော်ဒီအာရေဗျနိုင်ငံ၌ ဖေဖော်ဝါရီ ၁၁ရက်က နှစ်နိုင်ငံစီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို ဖိတ်ခေါ်လျက်ရှိသည်။ သမ္မတဟူကျင်တောင်သည် ဆော်ဒီအာရေဗျဘုရင် အဗ္ဗဒူလာအဇစ်နှင့် တွေ့ဆုံစဉ် ၄င်းနိုင်ငံ၏ ဒေသဆိုင်ရာ ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာ စွမ်းအင်ဆိုင်ရာ ထိန်းချုပ်နိုင်မှုကို အရေးကြီးကဏ္ဍ တစ်ရပ်အနေဖြင့် ဆွေးနွေးပြောကြားသည်။

သဘောတူ

၄င်းနှစ်နိုင်ငံ ခေါင်းဆောင်တို့သည် မိတ်ဖက်နိုင်ငံများအဖြစ် ကဏ္ဍစုံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ပြီး စွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကူးစက်ရောဂါကာကွယ်ရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍတို့ကို ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးသည်။

ထွက်ခွာ

တရုတ် သမ္မတ ဟူကျင်တောင်သည် ပထမဦးစွာ ဖေဖော်ဝါရီ ၁၀ရက်က စတင်ထွက်ခွာခဲ့သော အာရှငါးနိုင်ငံ ခရီးစဉ်အပြီး ရက်သတ္တပတ်အတွင်း မာလီ၊ ဆီနီဂေါ၊ တန်ဇန်းနီးယားနှင့် မောရစ်သျှနိုင်ငံများသို့ ခရီးဆက်လက် ထွက်ခွာမည်ဖြစ်သည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့တော်တွင် လမ်းဘေးဗုံးပေါက်ကွဲ
တစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၂

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တောင်ဘက်တွင် ဖေဖော်ဝါရီ ၁၁ရက်က လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ရဲးယိုက်တစ်ဦးသေဆုံးခဲ့ပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

သတင်းထုတ်ပြန်

အဆိုပါဖြစ်ရပ်သည် ဘဂ္ဂဒက်မြို့တောင်ဘက် အဝေးပြေးလမ်းမကြီး တစ်ခုပေါ်ရှိ ဇာဖရာနီယာခရိုင်တွင် လမ်းဘေး ဗုံးပေါက်ကွဲရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့် ရဲးယိုက်တစ်ဦး သေဆုံးခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေး အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အေအက်ဖ်ပီသတင်းဌာနက ဖေဖော်ဝါရီ ၁၁ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

သေကျေ ဒဏ်ရာရသူအားလုံးသည် အမျိုးသားများဖြစ်ကြောင်း ဇာဖရာနီယာရှိ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

ဒဏ်ရာရရှိ

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၈ ရက်က ဘာသာရေးဆိုင်ရာမြို့ဖြစ်သည့် ကာဘာလာဒေသ၌ ခရီးသွားများ လာရောက်စဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အီရတ်ပြည်သူနှစ်ဦးသေဆုံး၍ ၁၁ဦး ဒဏ်ရာရရှိခဲ့သည် ဟုသိရသည်။

ဘဂ္ဂဒက်မြို့ တောင်ဘက် မိုင်၅၀ အကွာရှိ ကာဘာလာမြို့တွင်ကျင်းပသော ဘာသာရေးပွဲတော်သို့ နှစ်စဉ်နှစ်တိုင်း ခရီးသွားများ သန်းချီ၍ လာရောက်ကြသည်ဟု ဆိုသည်။

သေဆုံးခဲ့

ပြီးခဲ့သည့် ဇန်နဝါရီလ စောစောပိုင်းကလည်း ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက်ရှိ ကာဒီမီယာမြို့တွင် အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် အီရန်လူမျိုးအများစု ပါဝင်သည့် ခရီးသည် ၃၈ ဦး သေဆုံးခဲ့သည်ဟု သတင်း၌ ဖော်ပြသည်။ (အင်တာနက်)

■ *ရှေ့ဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့်ညစာစားပွဲသို့တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ရဲချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဧည့်ခံဖျော်ဖြေ

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲ မကျင်းပမီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့က ပဏာမဧည့်ခံတီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိကြသူများက **“ပြည်ထောင်စု ရွှေပဒေသာ”** အကဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က **“စည်းလုံးညီညွတ်သော ပြည်ထောင်စု”** ရိုးရာအက၊ ကယားပြည်နယ်မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က **“ဖူးအိုင်ဟုန်း (ခေါ်) ချစ်ကြည်ရေး”** ရိုးရာအက၊ ကရင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က **“ဦးတည်ချက်များဖြင့် ဒို့ပြည်ထောင်စု”** ရိုးရာအက၊ ချင်းပြည်နယ်မှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့က **“ပြည်ထောင်စုရဲ့ နှလုံးသား”** ရိုးရာအက၊ မွန်ပြည်နယ်မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က **“ပြည်ထောင်စု၏ ပန်းပွင့်ချပ်များ”** ရိုးရာအက၊ ရခိုင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က **“လှပေါင်းစုံညီ ရခိုင်ပြည်”** အက၊ ရှမ်းပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က **“ဦးတည်ချက်ဆီ တွဲလက်ညီ”** ရိုးရာအက၊ တနင်္သာရီတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က **“တနင်္သာရီမြေကို လာလည်ပါအဆွေ”** ရိုးရာအကတို့ဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **“စည်းလုံးညီညာ အောင်ကြောင်းဖြာ”** အကဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စက်မှု(၁)ဈေးရောင်းပွဲ ဝမ်းတွင်း၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက် ၈နာရီတွင် ဝမ်းတွင်းမြို့ မြတ်စောညီနောင်ဘုရားဝင်း၌ ကျင်းပခဲ့ရာ ဝမ်းတွင်း ချည်မျှင်နှင့် အထည် စက်ရုံမှူး ဦးကျော်ဇင်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ကျော်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

အထူးဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၅ရက်မှ ၁၁ရက်အထိ နေ့စဉ်နံနက် ၈နာရီမှ ည ၉နာရီအထိ ပစ္စည်းအမယ်ပေါင်း ၃၁၆မျိုးကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်ပြန်/ဆက်)

The Live News ဂျာနယ် အမှတ် (၁၁၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၁၉)တွင် မြင်းမူမောင်နိုင်မိုး၏ ရန်သူနှင့်မိတ်ဆွေ၊ အကြွင်းမထားရာ၊ ဇော်ထက်၏ အကယ်ဒမီညမြင်သမျှ၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၁၁)၊ ကိုကိုလှိုင်၏ စုစည်းခြင်းသည်အား ပြိုကွဲခြင်းသည် အမှား၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက ‘မရှိမဖြစ်’ ရေသမိုင်းကြောင်း(၂) ကန်တော်ကြီးရေကို စတင်သောက်သုံးခဲ့ရတဲ့ ရန်ကုန်မြို့သား/သူများ၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရေဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည် အပိုင်း(၁၃)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေ ချယ်ရီမြေ(၂၂)၊ မိုးမခ၏ ဆိုလေကဲလေ မာန်လေပြလေဆိုတဲ့ ပြင်သစ်အစိုးရအဖွဲ့နှင့် အမျိုးသမီးဝန်ကြီးများ၊ နိုင်ငံရေးသရုပ်ကို ပိုမိုပီပြင်အောင် ဖော်ဆောင်လာတဲ့ အီရတ်ရွေးကောက်ပွဲ၊ အိုဘားမား၏ စီးပွားရေးစီမံကိန်း၊ ဆန်စဉ်ရာ ကျည်ပွေ့လိုက်နေရတဲ့ ထိုင်းနိုင်ငံရေး အခြေအနေ၊ ကမ္ဘာ့ဒုတိယအချမ်းသာဆုံးသူဌေးကြီး ကားလို့စ်ဆလင်း နယူးယောက်တိုင်းမ်ကို ဝယ်ယူမည်လော၊ အလိုအပ်ဆုံးက စိတ်ချမ်းသာခြင်းပါလို့ ဖွင့်ဟခဲ့တဲ့ စိုးပြည့် သဇင်၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။ The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင်-ကျပ် ၅၈၅၀ ၊ခြောက်လ ၂၆စောင်-ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် Market Care (Distribution Service) အမှတ်၅၅ (ပထမထပ်) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV - 4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၂-၂၀၀၉ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	ရင်တွင်းငြိမ်းချမ်းရေး တရားတော် ‘အတွေး’ (ဆရာတော် ဘဒ္ဒန္တဥတ္တရသာရ)
၇း၅၅-၁း၅၅	၂၀၀၇ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား အကယ်ဒမီရင်ခုန်သံများ
၈း၄၅-၂း၄၅	Activities in the City [အထက(၁)သာကေတ အာစရိယပူဇော်ပွဲ)
၉း၀၀-၃း၀၀	တေးဂီတအစီအစဉ်
၉း၀၅-၃း၀၅	ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ စပါးခင်းများ အောင်မြင်ဖြစ်ထွန်းစေသည့် ချစ်သူလျှပ်စစ် မြစ်ရေတင်လုပ်ငန်း
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၉း၄၅-၃း၄၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀-၄း၁၀	ဂေါက်ယူဆင်နွှဲ Yangon Golf Club ရဲ့ ရာပြည့်ပွဲ
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅-၄း၂၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Sandy's Floral Services & Golf Centre)
၁၀း၄၀-၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	Art Vision (6th Solo Arts Feeling Exhibition)
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	မိခင်နှင့်ကလေးအာဟာရ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်ဇင်)
၁၂း၀၀-၆း၀၀	VJ Choice
၁၂း၂၀-၆း၂၀	MRTV-4 စာအုပ်စင်ကဏ္ဍ (မြေလတ်မင်းလွင်နှင့် သူ့ဘဝ၊ သူ့စာအုပ်များ)
၁၂း၄၅-၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀-၆း၅၀	လေလှိုင်းမှ ဖြေကြားပရိသတ်များ အမေးစကား
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

နမ့်စန်နှင့် ဟားခါး၌ ညအပူချိန် ၄ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဖေဖော်ဝါရီ၁၃ရက် (ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ၁၃ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

သာယာ

ဖေဖော်ဝါရီ ၁၂ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်

ညအပူချိန်များမှာ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့နှင့် ဟားခါးမြို့တို့တွင် ၄ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်သည်။

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့ကျောက်မျက်များဖြင့် ဖော်ကျူးထားသည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)

မြမျိုးရင်းဝင် ကျောက်အရိုင်းတုံးကြီး

မြန်မာ့ကျောက်မျက်များ ပေါကြွယ်ဝမှုကို ထင်ဟပ်စေသည့် မြမျိုးရင်းဝင် ကျောက်အရိုင်းတုံးကြီးက ဤသို့ ဝင့်ကြွားစွာ....။ (မြန်မာ့အလင်း)

ဆွဲဆောင်မှုရှိ

ပုလဲအစစ်မျက်လုံးများ ထည့်သွင်းထားသော ဆင်ဖြူနှစ်ကောင်၏ ကျောက်စိမ်းဖြင့် ပြုလုပ်ထားသည့် မြန်မာနိုင်ငံ မြေပုံကို နှာမောင်းဖြင့် မတင်ပြသထားမှုကလည်း ဆွဲဆောင်မှုရှိလှသည်။ (မြန်မာ့အလင်း)

ကျောက်မျက်ရတနာပြတိုက် ဒုတိယထပ်၌ ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာပြခန်းများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သဘာဝ ပုလဲ

မြန်မာနိုင်ငံတွင် အကြီးမားဆုံး သဘာဝ ပုလဲရတနာကြီးကို ဝိုင်းဝန်းမတင် ပြသနေသည့် ကြေးသွန်း နတ်သမီးရုပ်တုများ ပြကွက်ကလည်း ရှုမငြီးစရာ၊ ဂုဏ်ယူဖွယ်ရာ မြင်တွေ့ရသည်။ (မြန်မာ့အလင်း)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖွင့်လှစ်မှု မြင်ကွင်း

အရည်အသွေးကောင်းမွန်သော ကျောက်မျက်အရိုင်းတုံးကြီးများကလည်း မြန်မာ့ကျောက်မျက်များ၏ အရည်အသွေးမြင့်မားမှုကို ဖော်ကျူးလျက်ရှိသည်။ (မြန်မာ့အလင်း)



မြန်မာ့ကျောက်မျက်များ အရည်အသွေးမြင့်မားမှုကို ဖော်ညွှန်းပြဆိုနိုင်သည့် ကျောက်စိမ်းစွဲကပ်နေသော ကျောက်အရိုင်းတုံးကြီးကိုလည်း ဤသို့ အနီးကပ် တွေ့ရသည်။ (မြန်မာ့အလင်း)

စာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း (လမ်းမတော်) — စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

13-2 (04).pmd 1 2/13/2009, 2:13 AM

ကြည့်ရှုလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက် (နေပြည်တော်) အတွင်း ခင်းကျင်းပြသထားသည့် ကျောက်မျက် ရတနာ ပစ္စည်းများ၊ ပုလဲများ၊ ကျောက် စိမ်းများကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ကျင်းပ

မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်မြို့မ သပြေကုန်းရပ်ကွက် သပြေကုန်း အဝိုင်းအနီးတွင် ကျင်းပစဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုတိုင်းရင်းသားကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် မြန်မာ့ကျောက်မျက် ရတနာလုပ်ငန်းရှင်များအသင်းနှင့် အလှူရှင်များ၏ကိုယ်စားလှယ် ဦးဇော်ဘိုခန့်တို့က မြန်မာ့ကျောက်မျက်ရတနာပြတိုက် (Gems Museum) နေပြည်တော်မုခ်ဦးနှင့် အဝင်ဂိတ်တံခါးတို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာ့ကျောက်မျက်ရတနာပြတိုက် (Gems Museum) နေပြည်တော် ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်နှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီးများ၊ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များက ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်ဝင်းအတွင်းရှိ ဆင်ဖြူတော် ရေပန်းအဝိုင်းနှင့် ရေအောက်သန္တာကျောက်တန်း ပုလဲပြကွက်တို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက် ရတနာပြတိုက်အဝင် လှေကားအနီးရှိ အင်ကြင်းကျောက် ရေတံခွန်ပြကွက်ကို ကြည့်ရှုကြသည်။

ယင်းနောက် ပထမထပ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာထွက်ရှိရာ ဒေသများ၌ ကျောက်မျက်ရတနာများ ထုတ်လုပ်နေမှု၊ ရွှေနှင့် ကြေးနီထုတ်လုပ်မှု၊ ပုလဲမွေးမြူထုတ်လုပ်မှုတို့ကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧည့်ခန်းအတွင်း ပြသထားသည့် ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားသော ရွှေတိဂုံစေတီတော် ပုံတူပန်းချီကား၊ မိုးကုတ်ရတနာမြေ ပန်းချီကား၊ ဖားကန့်ရတနာမြေ ပန်းချီကား၊ ကျောက်စိမ်း ဆက်တီ၊ ကျောက်စိမ်းစားပွဲ၊ ကျောက်စိမ်းကုလားထိုင်နှင့် ကျောက်စိမ်းခုတင်တို့ကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုတိုင်းရင်းသား ကိုယ်စားလှယ်များ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)အတွင်း ခင်းကျင်း ပြသထားသည့် ကျောက်မျက်ရတနာပစ္စည်းများ၊ ပုလဲများ၊ ကျောက်စိမ်းများ၊ မြန်မာ့ရွှေထည်နှင့် ငွေထည်၊ ရတနာ ပစ္စည်းကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်စိမ်းတံခါးမှ တစ်ဆင့် ကျောက်မျက်ရတနာပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် နတ်သမီး သုံးပါးရုပ်ဖြင့် အလှဆင်ပြုလုပ်ထားသော အလေးချိန် ၄၅ဒသမ ဝ၆မိုမီ၊ ၈၄၅ ကရက်၊ ၉၂၉ဒသမ ၅၀ ရတီ၊ အလျား ၆ဒသမ ၂ စင်တီမီတာ၊ အမြင့် ၃ စင်တီမီတာရှိ ကမ္ဘာ့အကြီးဆုံးသဘာဝ ပုလဲကြီး၊ အလေးချိန် ၉ဒသမ ၈မိုမီ၊ ၁၀၄ဒသမ ၃၉ ကရက်ရှိ တန်ဖိုးအကြီးဆုံး မြန်မာ့မွေးပုလဲကြီးနှင့် ပုလဲဖြင့်ပြုလုပ်ထားသော ရတနာပစ္စည်းများကိုလည်းကောင်း၊ အရည် ၆၉ကီလိုရှိ တန်ဖိုးကြီးမားသော မြန်မာ့ကျောက်စိမ်းကြီး၊ကျောက်စိမ်းဖြင့် ပြုလုပ်ထားသည့် မြန်မာ့ဆိုင်းဝိုင်းနှင့် ရတနာပစ္စည်းများကိုလည်းကောင်း၊ အလေးချိန် ၂၁၄၅၀ ကရက်ရှိ အကြီးဆုံးမြန်မာ့ပတ္တမြားကြီးနှင့် ပတ္တမြားဖြင့်ပြုလုပ်ထားသော ရတနာပစ္စည်းများကို လည်းကောင်း၊ သလင်းကျောက်ပုံဆောင်ခဲများကိုလည်းကောင်း၊ မြန်မာ့ရွှေထည်နှင့်ငွေထည် ရတနာပစ္စည်းများနှင့် မိုးကုတ်ပုလဲစိမ်းအရိုင်းတုံး၊ မျောကျောက်မျက်အရိုင်းတုံး၊ သလင်းနှင့် မိုက်ကာစွဲကပ်နေသော ကျောက်မျက်တုံး၊ နီလာစွဲကပ်နေသော ကျောက်မျက်တုံး၊ မြမျိုးရင်းဝင် ကျောက်မျက်တုံးနှင့် ဂရက်နိုက်အလှဆင်ကျောက်တုံးတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်း ပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်လာ အထူးဧည့်သည်တော်များ မှတ်တမ်းတင်အမှတ်တရ လက်မှတ်ရေးထိုးမည့် ကျောက်စိမ်း စားပွဲ၊ ကျောက်စိမ်းကုလားထိုင်နှင့် ကျောက်စိမ်းပြားများ အပြည့်ဖုံးအုပ်ထားသည့် ကျောက်စိမ်းစာအုပ်တွင် ကျောက်စိမ်းဘောလ်ပင်ဖြင့် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)ကိုတွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အလံတင်အခမ်းအနား

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နေပြည်တော်မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

* *ကျော်ဖုံးမှ*

ပိုင်းဝန်းကြိုးပမ်းရေးဟူသော အမျိုးသားရေး ဦးတည်ချက်(၅)ရပ်နှင့်အညီ အနှစ်သာရ ပြည့်ဝစွာ ကျင်းပသည့် ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ဥပစာရင်ပြင်၌ကျင်းပရာ ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး တက်ရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၉ ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ၂၀၀၉ခုနှစ်(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယဝန်ကြီး များ၊ တပ်မတော်အရာရှိကြီးများ၊ ၂၀၀၉ ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဗဟိုရုံးအကြီးအကဲများ နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီး ဌာနများမှရုံးအဖွဲ့မှူးများ၊ နေပြည်တော်ခရိုင်၊ နေပြည်တော်ပျဉ်းမနား မြို့နယ်နှင့်ရပ်ကွက် ကျေးရွာအုပ်စုများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင် များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ပညာ ရေးမှူးများ၊ ပြည်နယ်နှင့်တိုင်းများမှ ၂၀၀၉ ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ တပ်နယ်မိသားစု များ၊ နေပြည်တော်ရှိ ခရိုင်နှင့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၊ မြို့နယ်များမှ စစ်မှုထမ်းဟောင်း အဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ တို့မှ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၄၃၀၀ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက် ရောက်ကြမည့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူများသည် နံနက် ၅နာရီမှစတင်၍ စုရပ်အသီးသီးတို့မှ အခမ်း အနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာ ရင်ပြင်ရှိ သတ်မှတ်နေရာများသို့ စနစ်တကျ ဝင်ရောက်နေရာယူကြသည်။

ထို့နောက် နံနက် ၅ နာရီခွဲတွင် ၂၀၀၉ခုနှစ်(၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

ချီတက်နေရာ

ဆက်လက်၍ နံနက် ၇နာရီတွင် ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စု နေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပရာ တပ်မတော် (ကြည်း၊ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ယင်းနောက်၂၀၀၉ခုနှစ်(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင် မြင့်ဦး ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာ ယူသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင် မြင့်ဦးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်း ကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အတွင်း ရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၉ခုနှစ်(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင် မြင့်ဦးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရောင်စုံမီးများထွန်းညှိ

၂၀၀၉ ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံး အဆောက်အအုံ များ၊ မြို့တော်ခန်းမ၊ လမ်းဆုံအဝိုင်းများ၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာ အဆောက် အအုံများတွင် ရောင်စုံမီးများကို လှပစွာ ထွန်းညှိထားကြသည်။ **(သတင်းစဉ်)**

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက် ရတနာပြတိုက်

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် ရောင်စုံမီးများကို လှပစွာထွန်းညှိထားကြစဉ်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင်

နှစ်စဉ်စိုက်ပျိုး အလှတိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ဖတ်ကြားစဉ်။

(သတင်းစဉ်)

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ရန်ကုန်မြို့၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီတို့မှအဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ တိုင်းရင်းသားတိုင်းရင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို တိုင်းမှူးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၅ မှ

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောက်စိမ်းစာအုပ်တွင် ကျောက်စိမ်းဘောလ်ပင်ဖြင့် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

မှတ်တမ်းတင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေညီထပ်တွင် ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်မျက်ရတနာပစ္စည်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဆွေးနွေးမှာကြားသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)ကို အများပြည်သူများ အခမဲ့ကြည့်ရှုလေ့လာနိုင်ရန် ယနေ့မှစတင်၍ ဖေဖော်ဝါရီ ၁၈ ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

စတင်တည်ဆောက်

မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သည် ၁၂ ဒသမ ၅ ဧက ကျယ်ဝန်းပြီး ပင်မအဆောက်အအုံမှာ အလျားပေ ၂၅၀၊ အနံပေ ၁၇၀ ရှိကာ သံမဏိချောင်းများ၊ မှန်များဖြင့် ခေတ်မီလှပစွာ ၂၀၀၈ ခုနှစ် ဇူလိုင်လတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သည် ကျောက်စိမ်းများဖြင့် ထူးခြားစွာအလှဆင်တည်ဆောက်ထားသည့် မြန်မာနိုင်ငံ၏ အကြီးဆုံးသော ကျောက်မျက်ရတနာပြတိုက်ကြီးတစ်ခုဖြစ်သည်။ ယင်းပြတိုက်ကြီးတွင် ပေ ၂၀ ပတ်လည်ရှိ ရတနာဆိုင်ခန်းပေါင်း ၆၀ ကျော် ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး ကားအစီးပေါင်း ၄၀ ကျော် ရပ်နားနိုင်သော ကားရပ်ရန်နေရာပါဝင်ကာ အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် တနင်္ဂနွေနှင့် အစိုးရရုံး ပိတ်ရက်များမှအပ ကျန်ရက်များတွင် နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီ အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဌာနခွဲက ကြီးမှူးဆောင်ရွက်သော ပြည်သူ့ကျန်းမာရေး အရှိန်အဟုန်မြှင့်တင်ရေးစီမံချက်လုပ်ငန်း ကျန်းမာရေးပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ရက် ညနေ ၆နာရီခွဲတွင် နေပြည်တော် လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြော

ဟောပြောပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာ) ဒေါက်တာသိန်းသိန်းဌေးက နှုတ်ခွန်းဆက် စကားပြောကြားပြီး ညွှန်ကြားရေးမှူး(ပြည်သူ့ကျန်းမာ) ဒေါက်တာတင်ဝင်းကျော်က ကိုယ်ဝန်ဆောင် မိခင်များနှင့် (၅)နှစ်အောက် ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ဒုတိယ ညွှန်ကြားရေးမှူး(မိခင် ကလေး) ဒေါက်တာ သိဂ်ီမြင့်၊ ဒုတိယညွှန်ကြားရေးမှူး (အမျိုးသမီးနှင့် ကလေးကျန်းမာ) ဒေါက်တာ မြင့်မြင့်သန်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် လက်ထောက် အင်ဂျင်နီယာ ဦးထွန်းမြင့်တို့က သက်ဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများကို ကဏ္ဍအလိုက် ရုပ်မြင်သံကြား ပညာပေးဇာတ်လမ်းတိုများဖြင့် ဟောပြောခဲ့ကြပြီး ကိုယ်ဝန်ဆောင်မိခင်ဘဝနှင့် သက်ဆိုင်သော(ဆဋ္ဌဂံ) ပညာပေးရုပ်ရှင် ဇာတ်ကားကို ပြသသည်။

ဖေဖော်ဝါရီ ၁၁ရက် နံနက်ပိုင်းတွင် ဒုတိယညွှန်ကြားရေးမှူး(မိခင်ကလေး)နှင့် အဖွဲ့က သပြေပင် ကျေးလက်ကျန်းမာရေးဌာန၌ ကိုယ်ဝန်ဆောင်မိခင် ၇၅ဦးအား အရည်အသွေးပြည့်ဝသော ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုများပေးခြင်း၊ မွေးဖွားရန် အစီအစဉ်များ ချမှတ်ခြင်း၊ အန္တရာယ် လက္ခဏာများ ဖော်ထုတ်ပညာပေးခြင်း၊ သားဆက်ခြား ပညာပေးခြင်းတို့ ဆောင်ရွက်ကြပြီး ဒုတိယညွှန်ကြားရေးမှူး(အမျိုးသမီးနှင့် ကလေး)နှင့် လက်ထောက် ဆရာဝန်(အာဟာရ)တို့က ၅နှစ်အောက် ကလေးများ စောင့်ရှောက်မှု အာဟာရပြည့်ဝစွာ ရရှိရေးနှင့် ကိုယ်ဝန်ဆောင် မိခင်နှင့်အာဟာရ အကြောင်း ပညာပေး ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စံနမူနာယူ မြန်ပြည်သူ

(တေးထပ်)

* မျိုးမြန်မာ ထုံးစံပ၊
ဘုန်းလျှံကြွ များပြည်သူ၊
ရှန်းကန်ထ ကျား, ဟန်မူ၊
အားမာန်ယူ ဖွဲ့ပွား။

* နာဂစ်ရဲ့ ဘေးဆိုးဒဏ်
မနေးမြန် တွန်းလှန်ကျော်လွှား
ရေတိုင်း ရှိင်းပင်းကူ၊
ဝိုင်းဝန်းလှူ မနား။
* စိုင်းပြင်းတူ ညီညာအားနဲ့
စည်ဖြာပွား သဒ္ဓါ။
တိုးအရှိန် ဖြိုးထိန်လှစ်ရန်ပ၊
အိုးအိမ်သစ် ဆောက်ကြသူငါ။

* ထောက်ညှာတဲ့ စိတ်စေတနာ၊
မိတ်ဆွေသဟာ ရှင်လူများက၊
သွင်မူထား တွေးဆရည်တူ၊
ဖေးမကြည်ဖြူ။

* မြန်မာ့စိတ် လျှံဇမ္ဗူမှာ
စံနမူ ယူထိုက်လှလေး။ ။

မေသစ္စာ

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အမေရိကန်နှင့် ရုရှားဂြိုဟ်တုနှစ်လုံး အာကာသအတွင်း ပထမဆုံးအကြိမ်တိုက်မိခဲ့

မော်စကို ဖေဖော်ဝါရီ ၁၂



အမေရိကန်နိုင်ငံမှ လွှတ်တင်ထားသော ဆက်သွယ်ရေးဂြိုဟ်တုနှင့် ရုရှားနိုင်ငံမှ လွှတ်တင်ထားသည့် ဆက်သွယ်ရေးဂြိုဟ်တုတို့ အာကာသအတွင်း၌ ဖေဖော်ဝါရီ ၁၂ရက်က ပထမဆုံးအကြိမ် တိုက်မိခဲ့ကြကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။

ပထမဆုံး

ယင်းဂြိုဟ်တုနှစ်လုံးသည် ရုရှားနိုင်ငံဆိုက်ဘေးရီးယားဒေသ ဝေဟင်အထက်အမြင့် ၄၈၅မိုင်ခန့်အကွာ အာကာသအတွင်း၌ အလွန်မြန်သောနှုန်းဖြင့် တိုက်မိခဲ့ကြခြင်းဖြစ်သည်။ အာကာသအတွင်း၌ ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံးတိုက်မိခြင်းမှာ အာကာသသမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ် ဖြစ်သည်။

စုံစမ်းနေ

ထိုသို့ အမေရိကန်နှင့် ရုရှားဆက်သွယ်ရေးဂြိုဟ်တုများတိုက်မှုမှ ထွက်ရှိလာသော အပျက်အစီးအပိုင်းအစများရယူကာ မည်ကဲ့သို့ ဂြိုဟ်တုများတိုက်မိခဲ့ကြသည်ကို နာဆာအဖွဲ့မှ စုံစမ်းလျက်ရှိသည်။

နေပြည်တော် မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၁၄-၂-၂၀၀၉)

၀၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်းကြေညာချက်
၀၇:၀၅	တရားတော် **(ရတနသုတ်)** ဓမ္မပူဇာတေးပဒေသာ
၀၇:၃၀	(၃၈)ဖြာမင်္ဂလာ
၀၇:၃၅	နံနက်ခင်းတေးပဒေသာ
၀၈:၀၀	စံတော်ချိန် + သတင်း
၀၈:၁၀	နံနက်ခင်းတေးပဒေသာ
၀၈:၃၀	လောကနီတိအသိရှိစေဖို့(မာန်မာန)
၀၈:၄၅	တေးပဒေသာ
၀၉:၀၀	ဘဝအသွင်ကဗျာ့အမြင် (လမ်းသစ်)
၀၉:၁၀	တေးပဒေသာ
၀၉:၃၀	မွေးနေ့လက်ဆောင်
၀၉:၄၅	အာဆီယံအစီအစဉ်
၁၀:၀၀	မင်္ဂလာလက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၂၅	တေးပဒေသာ
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	ကလေးအစီအစဉ် (ဘဏ်စမ်းပဟေဠိ) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅	ဇာတ်လမ်းပမာနားဆင်စရာ (ဂုဏ်ယူကျေနပ်ပါသည်)
၁၁:၅၅	တေးပဒေသာ
၁၂:၀၀	စံတော်ချိန် တေးပဒေသာ
၁၂:၂၀	ယဉ်ကျေးမှုအနုပညာ (တိုင်းရင်းသားရိုးရာ အဆိုအကတေးဂီတများ) နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	ပညာရေးအစီအစဉ် (ဘီအီးဒီ ဒုတိယနှစ် ပညာရေးစစ်ဆေးတိုင်းတာမှု (**Educational Test and Measurement I**)
၁၃:၂၀	တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀	ဆောင်းပါး (အောင်မြင်မှု)
၁၆:၃၀	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (သင်္ချာ)
၁၇:၀၀	လေလှိုင်းကြားကပွဲတင်သံ
၁၇:၁၀	တေးပဒေသာ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	ခေတ်မရွေးသောတေးများ
၁၈:၀၀	ညနေခင်းသတင်း
၁၈:၀၅	တေးချစ်သူရွေးသီတေးပန်းချီ
၁၈:၃၀	ဆွေးနွေးခန်း (အကယ်ဒမီသုမောင်နဲ့ မြန်မာ့အသံ)
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၀၅	ညချမ်းချိန်ခါတေးပဒေသာ
၁၉:၃၀	ကျန်းမာရေးရာသိကောင်းစရာ (ဆေးဖက်ဝင်နန္နွင်း)
၁၉:၄၅	တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၁၀	သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၂၀	နှစ်ပတ်လည်အငြိမ့် (အမာစိန်နဲ့ဝန်ထမ်းများ)
၂၁:၀၀	နိုင်ငံတကာအနုပညာ လူမှုရေးဦးတည်ချက်
၂၁:၃၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၂၂:၀၀	အစီအစဉ်ပြီး၏။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

စည်းလုံးခိုင်မာသည့် ပြည်ထောင်စုကြီးကို ခေတ်မီဖွံ့ဖြိုးတိုး... စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ်သို့ ကြိုးပမ်း...

၉-၁-၂၀၀၉ရက်နေ့ ရေးမြို့နယ် ပလိုင်ကီးကျေးရွာ အမှတ်(၅)ဆားကွင်းတွင် ''အောင်မင်း''အမှတ်တံဆိပ် ပြည်တွင်းဖြစ် ရှစ်လက်မရေပန့်ကြီးသည် တစ်နာရီ ဂါလန် ၆၀၀၀၀နှုန်းဖြင့် ပင်လယ်ဆားငန်ရေများကို စုပ်တင်ပေးနေသည်။ ရေပန့်ကြီးမှ တစ်နာရီတင်လိုက်သောပင်လယ်ရေတွင် ဆားပိဿာ ၂၀၀၀ခန့်ပါရှိသည်။ ဆားကွင်းပြင်ကျယ်ကြီးတွင် ပင်လယ်ရေများ တဖွေးဖွေးဖြစ်နေသောမြင်ကွင်းမှာ ကြည်နူးစရာဖြစ်သော်လည်း ဆားကွင်းပိုင်ရှင်ကျွန်တော်သည် ပျော်ရွှင်ကြည်နူးခြင်းမဖြစ်နိုင်။ မန်နေဂျာ ဦးသိန်းအောင်က ဒီဇယ်ဆီ နှစ်ရက်စာသာ ကျန်တော့သည်ဟု တင်ပြထားပါသည်။ ဒီဇယ်ဆီဝယ်ရန် လက်ထဲတွင် ငွေမရှိတော့ပါ။ ဇန်နဝါရီ၁၅ရက်နေ့တွင် ဆားကွင်းအလုပ်သမား၄၀ကျော်ကို လုပ်အားခကျပ်သိန်း၄၀ကျော်ပေးရပါဦးမည်။

ရေးမြို့နယ်မှ ဆားကွင်း ၉၀ရာခိုင်နှုန်းသည် အလုပ်သမားအခက်အခဲ၊ သယ်ယူပို့ဆောင်ရေးအခက်အခဲ၊ ဈေးကွက်အခက်အခဲများကြောင့် လုပ်ငန်းများရပ်ဆိုင်းထားရသည်မှာ ငါးနှစ်ရှိပါပြီ။ နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းမှ ဆားကွင်းများပျက်စီးခဲ့ပြီး နိုင်ငံအတွင်း ဆားလိုအပ်ချက်များဖြစ်ပေါ်ကာ ဆားဈေးများကောင်းခဲ့ပါသည်။ တစ်ဖက်နိုင်ငံတွင် စီးပွားရေးကျဆင်းလာမှုကြောင့် ထိုနိုင်ငံသို့အလုပ်သွားလုပ်မည့် အလုပ်သမားများရပ်တန့်သွားပြီး အချို့မှာပြန်လာကြသည်။ ထို့ကြောင့် ဆားကွင်းဖော်ရန်အတွက် အလုပ်သမားကလည်း အလုံအလောက်ရရှိလာပါသည်။ မြန်မာ့မီးရထားက ရေး-မော်လမြိုင်ခရီးကို အမြန်လူစီးရထားနှစ်စင်းနှင့် ကုန်တင်-လူစီးရထားတစ်စင်းနေ့စဉ်ပြေးဆွဲပေးနေရာ ဆားသယ်ရန်အခက်အခဲမရှိတော့ပါ။

ဤသို့သော အခြေအနေကောင်းများကြောင့် ရေးမြို့နယ်တွင် ရပ်ဆိုင်းထားသော ဆားကွင်းများပြန်လည်ဖော်ထုတ်လုပ်ကိုင်လာကြပါသည်။ သို့သော် ဆားတောင်သူများမှာ ငွေအရင်းအနှီးမရှိကြ။ ရှိသမျှကို ရောင်းတာရောင်း၊ ပေါင်တာပေါင် လုပ်ကြရသည်။ မိဘဆွေမျိုးမိတ်ဆွေများထံမှ ချေးငှားကြရသည်။ ဆားကွင်းများကို စက်တင်ဘာလမှစ၍ ပြင်ဆင်လုပ်ကိုင်ခဲ့ကြရာ ဒီဇင်ဘာလတွင် ဆားတောင်သူများ ခြေကုန်လက်ပန်းကျနေကြပါပြီ။ ဆားကဖေဖော်ဝါရီလမှထွက်မည်။ ဆားထွက်လာလျှင်တော့ ငါးကြင်းဆီနှင့် ငါးကြင်းကြော်၍ရပါပြီ။ မွန်ပြည်နယ်မှ ဆားတောင်သူများ၏ ငွေရေးကြေးရေး အခက်အခဲအကျပ်အတည်းကိုသိရှိသော ဒေသဆိုင်ရာအာဏာပိုင်များနှင့် မြန်မာ့ဆားလုပ်ငန်းတို့က ဆားတောင်သူများအား ချေးငွေရရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးနှင့်ညှိနှိုင်းပြီး ဆားတောင်သူများ ဘဏ်ချေးငွေရရှိရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အတွက်ကြောင့် ဆားကွင်းတစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ဘဏ်ချေးငွေရရန်ကိစ္စဖြင့် မော်လမြိုင်မြို့ မွန်ပြည်နယ်ဆားလုပ်ငန်းရုံးသို့ တိုင်း အလုပ်ပြန်စနေကြပြီ၊ ဆားထွက်ဖို့ တစ်ဧကေကျပ်တစ်သိန်းခွဲ လောက်ဆိုလောက်ပါတယ်။ ဆားထွက်ပြီးရင် ဆားရောင်းရင်းနဲ့ စရိတ်ပြန်လုပ်လို့ရတယ်။ ဒါပေမယ့် နိုင်ငံတော်က ကျပ်သုံးသိန်းနှုန်းတောင် ချေးလိုက်တော့ ချေးငွေကို ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ မသုံးဘူးဆိုရင် ဆားရောင်းဖို့တောင် မလိုတော့ဘူးပေါ့ကွာ''။ ''ဒီလိုသတင်းကောင်းကြားရတာ ဝမ်းသာတယ် အောင်မြင့်၊ မွန်ပြည်နယ်က ဆားတောင်သူတွေလည်း တစ်ဧကေကျပ်ငါးသောင်းနှုန်းချေးပေးမယ်လို့ပြောတယ်။ အဲဒါမနက်ဖြန် မော်လမြိုင်က ပြည်နယ်ဆေးရုံကို သွားရမယ်။ မင်း ဆားကွင်းအတွက်လည်း ငါချေးငွေလျှောက်ထားပေးတယ်။ မနက်ဖြန် မင်းပါမော်လမြိုင်တက်ရမယ်။''

ထိုနေ့ညတွင် ကျွန်တော်စိတ်လှုပ်ရှားနေ၍ တော်ရုံနှင့်အိပ်မပျော်ခဲ့ပါ။ ကျွန်တော်သည် ပလိုင်ကီးတွင် ရပ်ဆိုင်းထားသော ဆားကွင်းဧက ၂၀၀ခန့်ကို ပြန်လည်ဖော်ထုတ်လုပ်ကိုင်ရာ ငွေကျပ် သိန်း၂၀၀ ခန့်ကုန်သွားပါပြီ။ ထိုငွေကို

နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်ကြီးဖြစ်လာစေရန် မြန်မာတိုင်းရင်းသားတို့၏ ရင်ထဲတွင် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ကိန်းအောင်းနေရန် လိုအပ်။ မြန်မာတိုင်းရင်းသားများ အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်ကြရန်လို။ မြန်မာတိုင်းရင်းသားများသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်ကြပါလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်သို့ အမြန်မုချ တက်လှမ်းရောက်ရှိနိုင်။

ဇန်နဝါရီ၂ရက်နေ့ လာရောက်ပါရန် အကြောင်းကြားလာပါသည်။ ဇန်နဝါရီလတွင် နိုင်ငံတော်မှ ချေးငွေသာမရလျှင် ရေးမြို့နယ်မှ ဆားကွင်းအချို့လုပ်ငန်းများ ရပ်ဆိုင်းသွားနိုင်ပါသည်။

ဇန်နဝါရီလ ၁၁ရက်နေ့ ညနေ ၅နာရီခန့်တွင် ပလိုင်ကီးဆားကွင်းမှ ရေးမြို့သို့ဆိုင်ကယ်ဖြင့် ထွက်လာပါသည်။ ယခင်က ပလိုင်ကီးမှ ရေးကို ရထားဖြင့်သာ သွားလာနိုင်သည်။ ယခုအခါ ရေးမြို့ကိုဗဟိုပြု၍ အရပ်ရှစ်မျက်နှာရှိကျေးရွာအသီးသီးသို့ ကျေးလက်ဖွံ့ဖြိုးရေးလမ်းများ ခက်မဖြာဖောက်လုပ်ထားခြင်းကြောင့် ကား၊ ဆိုင်ကယ်တို့ဖြင့် ရေးမြို့သို့ နေ့ညမရွေးသွားလာနိုင်ကြပါသည်။ ယခင်က ဤနေရာများသည် တိုင်းရင်းသားအချင်းချင်း မညီညွတ်ခဲ့ကြသောကြောင့် ဖုန်းဆိုးတောများ ဖြစ်ခဲ့ကြသည်။ ထိုဖုန်းဆိုးတောများတွင် သေနတ်သံ၊ ဗုံးသံများ ဆူညံခဲ့ကြသည်။ ယခုအခါ ဤလမ်းတစ်လျှောက်လုံးတွင် ရော်ဘာခြံများ ကွက်လပ်မကျန်စိုက်ပျိုးထားကြပါသည်။ ရော်ဘာခြံရှင်များမှာ ဒေသခံ မွန်၊ ကရင်၊ ဗမာတိုင်းရင်းသားများ ဖြစ်ကြသည်။ အချို့ရော်ဘာခြံများစိုက်ပျိုးထားသည်မှာ ၁၀နှစ်ခန့်ရှိနေပြီဖြစ်၍ ရော်ဘာစေးများထုတ်ယူနေကြပါပြီ။ ထိုရော်ဘာခြံများကြောင့် တိုင်းရင်းသားပြည်သူအမြောက်အမြား အလုပ်အကိုင်များရရှိခဲ့ပါသည်။ ဒေသခံတိုင်းရင်းသားပြည်သူတို့၏ တစ်ဦးချင်းဝင်ငွေ (GDP)လည်း မြင့်တက်ခဲ့ပါသည်။ စည်းလုံးညီညွတ်ခြင်း၏ အသီးအပွင့်ကို တိုင်းရင်းသားများ ခံစားနေကြရပါပြီ။ ရော်ဘာပင်များကြားတွင် ပေါင်းမြက်ရှင်းနေသော ခြံလုပ်သားတို့၏ တေးသီချင်း အော်ဆိုသံများကိုကြားရသည်မှာ အလွန်ကြည်နူးဖွယ်ကောင်းပါသည်။ တိုင်းရင်းသားများ စည်းလုံးညီညွတ်ခြင်းကြောင့် သေနတ်သံ၊ ဗုံးသံများနေရာတွင် တိုင်းရင်းသားတို့၏ တေးသီချင်းသံများ အစားထိုးဝင်ရောက်ခဲ့ပါပြီ။

ရေးမြို့ အောင်မေတ္တာရပ်ကွက်ရှိ ဦးအောင်မြင့်၏ အိမ်ရှေ့တွင် ဆိုင်ကယ်ကို ထိုးရပ်လိုက်ပါသည်။ ဦးအောင်မြင့်သည် ကျိုက္ခမီဇာတိဖြစ်ပြီး ကျွန်တော်နှင့် ကျောင်းနေဖက်သူငယ်ချင်းလည်းဖြစ်သည်။ ဦးအောင်မြင့်သည် မွန်ပြည်နယ် ရေးမြို့နယ် ပလိုင်ကီးကျေးရွာနှင့် ဧရာဝတီတိုင်း လပွတ္တာ မြို့နယ် သိပ္ပံကုန်းကြီးကျေးရွာတို့တွင် ဆားထုတ်လုပ်ငန်း လုပ်ကိုင်နေသော ဆားတောင်သူတစ်ဦး ဖြစ်သည်။ လွန်ခဲ့သော ငါးရက်ခန့်က လပွတ္တာမှ ပြန်ရောက်လာသည်။ ''အောင်မြင့်ရေ ဧရာဝတီဘက်မှာ ဆားတောင်သူတွေ တော်တော်အဆင်ပြေကြတယ်ကြားတယ်၊ ဆားလယ်တစ်ဧကေ ချေးငွေကျပ်သုံးသိန်း ရတယ်လို့ကြားတယ်''။ ''အေး ဟုတ်တယ်မင်းဆွေ၊ ချေးငွေရကြလို့ဆားကွင်းမိဘဆွေမျိုးမိတ်ဆွေများထံမှ ချေးငှားခဲ့ရပါသည်။ ဆားထွက်ရှိရန် နောက်ထပ်ကျပ်သိန်း၁၀၀လောက်ထပ်ကုန်ပါဦးမည်။ လူတိုင်းတွင် အခက်အခဲ ကိုယ်စီရှိကြသောကြောင့် မိဘဆွေမျိုးမိတ်ဆွေများထံမှ ထပ်မံချေးငှားရန်လည်း မသင့်တော်တော့ပါ။ အကြောင်းတစ်စုံတစ်ခုကြောင့် ချေးငွေမရခဲ့ပါက လုပ်ငန်းများ ရပ်ဆိုင်းသွားနိုင်ပါသည်။ ကျွန်တော်ကဲ့သို့ပင် ရေးမြို့နယ်မှ ဆားကွင်းပိုင်ရှင်တိုင်းလိုလို အခက်အခဲ တွေ့ကြုံနေကြရသည်။ တစ်မှေးလောက် အိပ်ပျော်ပြီး နံနက် ၃ နာရီတွင် ပြန်နိုးလာသည်။ နံနက် ၅ နာရီခန့်တွင် အောင်မြင့်နှင့်အတူ ကားဂိတ်သို့ ထွက်ခဲ့ပါသည်။

ကားဂိတ်လက်ဖက်ရည်ဆိုင်တွင် ရေးနယ်သားတို့က ယခုနှစ်ထူးထူးကဲကဲ ချမ်းအေးသည်ဟု ဆိုကြသည်။ အပူမီးတောက်လောင်နေသော ကျွန်တော်ကတော့ ချမ်းအေးသည်ကိုပင် သတိမထားနိုင်တော့ပါ။ နံနက် ၅နာရီခွဲတွင် ရေး-မော်လမြိုင် ဟိုင်းလပ်လိုင်းကားထွက်ခဲ့ပါသည်။ ရေးမြို့မှထွက်သည်နှင့် ကားလမ်းဘေးတစ်လျှောက်ရော်ဘာခြံများကို နေရာမလပ်တွေ့ရသည်။ ရော်ဘာစေးခြစ်သမားများ ရော်ဘာစေးများသိမ်းနေကြပါသည်။ ရော်ဘာခြံ နှစ်ဧကလျှင် ရော်ဘာစေးခြစ်သမားတစ်ယောက်လိုအပ်ပါသည်။ ရော်ဘာခြံ ဧကတစ်သိန်းဖော်နိုင်လျှင် အလုပ်အကိုင်ငါးသောင်းရရှိပါသည်။ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးနိုင်သော ဧကသိန်းသန်းချီ၍ ကျန်ရှိနေပါသည်။ ဤသို့သော အခြေအနေတို့ကြောင့် အခမ်းအနားတစ်ခုတွင် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ပတွင် အလုပ်အကိုင်အခက်အခဲဖြစ်နေသော မြန်မာတိုင်းရင်းသားများ ပြန်လာပါက ပြည်တွင်းတွင် အလုပ်အကိုင်ဖန်တီးပေးနိုင်သည်ဟု ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ရော်ဘာအမြောက်အမြား စိုက်ပျိုးထွက်ရှိသော်လည်း ရော်ဘာကုန်ကြမ်းကို အသုံးပြုသည့် စက်မှုလုပ်ငန်းများ ထူထောင်ရန် လိုအပ်နေပါသေးသည်။ ထိုသို့ စက်မှုလုပ်ငန်းများ ထူထောင်နိုင်ပါက မြန်မာနိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိနိုင်ပါသည်။

ဟိုင်းလပ်လိုင်းကားသည် အာယုတောင်လမ်းဝတွင် နာရီဝက်ခန့် ရပ်နားပြီး ခရီးသည်စောင့်ဆိုင်းနေသည်။ အာယုတောင်လမ်းဝမှ ထွက်လာပြီး မော့ကနင်ရွာသို့ ရောက်သောအခါ နာရီဝက်ရပ်နားပြန်သည်။ မော့ကနင်ရွာမှ ထွက်လာသောအခါ ဟိုင်းလပ်ကားငယ်သည် အရှိန်ပြင်းစွာ မောင်းနှင်လိုက်ပါသည်။ ၁၉၈၈ မတိုင်မီက ဤကားလမ်းသည် ကျောက်ခင်းလမ်းကြမ်းသာဖြစ်သည်။ လမ်းဆိုးပြီး နယ်မြေမအေးချမ်းခြင်းကြောင့် ဤကားလမ်းခရီးကို တွင်တွင်ကျယ်ကျယ် အသုံးမပြုခဲ့ကြပါ။ ၁၉၈၁ ခုနှစ်နှင့် ၁၉၈၇ ခုနှစ်တွင် ကျွန်တော် ကိုယ်တိုင်

ဤလမ်းကို စွန့်စားသွားလာကြည့်ရာ နှစ်ကြိမ်စလုံ...
ကမော့ရွာတွင် KNUတို့နှင့်တိုးခဲ့ရသည်။ ယခုတေ...
မှာ ကတ္တရာလမ်းချောဖြစ်လာပြီး နယ်မြေအေးချမ်...
ကားငယ်၊ဆိုင်ကယ်အသွယ်သွယ် ဥဒဟိုသွားလာနေ...
စီးရင်း ဖွံ့ဖြိုးခြင်း၊ ငြိမ်းချမ်းခြင်းတို့၏ အရသာက...
သည်။

ရေး-မော်လမြိုင်ကားလမ်းဘေးတွင် တိုင်းရ...
တွေ့ရပါသည်။ ထိုရွာများသည် တောတောင်ထဲ...
ကရင်၊ ဗမာစသည့် တိုင်းရင်းသားတို့၏ အိမ်...
ရွှေ့ပြောင်းလာခဲ့ခြင်းကြောင့် စံပြကျေးရွာများ စ...
လာပါသည်။ တိုင်းရင်းသားတို့၏ စံပြကျေးရွာသ...
အိမ်ကောင်းများကို တွေ့ရပါသည်။ အနိမ့်ဆုံးပျဉ်...
ဖြစ်ကြသည်။ စာသင်ကျောင်းများကို အုတ်ထရံ...
သပ်ရပ်စွာ ဆောက်လုပ်ထားကြသည်။ ဆေးေ...
များကိုလည်း တွေ့ရပါသည်။ တောထဲတွင် အိမ်...
ကဆိုလျှင် တိုင်းရင်းသားတို့၏ သားသမီးတို့သည...
ပါ။ ယခုတော့ တစုတဝေးတည်း စံပြကျေးရွာ...
ရင်းသားတို့၏ သားသမီးများ ပညာသင်ကြားနိုင်က...
ဆေးခန်းများသို့ လွယ်လင့်တကူ အချိန်မီသွားရေ...
အခြေတကျမရှိသော ရွှေ့ပြောင်းတောင်ယာလုပ်ကို...
တကျဖြစ်သော ရော်ဘာခြံရှင်များ ဖြစ်ခဲ့ကြပါပြီ...
ထဲ ပြေးရလွှားရ ပုန်းခိုရသော ဘဝများမှ ယ...
နံဘေးတွင် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ကြ...
လမ်းဘေးတစ်လျှောက်ရှိ တိုင်းရင်းသားတို့၏ စံ...
ပိုင်သော ဥယျာဉ်ခြံမြေများကိုကြည့်ပြီး ဝမ်းသာပီ...
သားများ ညီညွတ်ခြင်း၊ စည်းလုံးခြင်းကြောင့် ဖြစ်...
ဖွံ့ဖြိုးတိုးတက်ခြင်းတို့၏ အကျိုးကျေးဇူးများကို ...
ခံစားနေကြရပါပြီ။ မည်သည့်ခေတ်အခါကနှင့်မျှ...
သားတို့သည် စည်းလုံးညီညွတ်မှုကို တည်ဆောက်...

မော်လမြိုင်မြို့အဝင် မော်လမြိုင်နှင့်၁၀မိုင်က...
တွင် နည်းပညာတက္ကသိုလ်ကြီးကို ခံ့ညားထည်...
နည်းပညာတက္ကသိုလ် ကျောင်းသားကျောင်းသူများ...
စွာ ကျောင်းတက်နေကြသည်ကို တွေ့ရပါသည်။...
မော်လမြိုင်ကားလမ်းမကြီးသည် ခြောက်လမ်းသွား...
ဟိုင်းလပ်ကားက ကီလို ၁၀၀ကျော်နှုန်းဖြင့် မောင်...
နံနက်၁၀နာရီခွဲတွင် ဆိုက်ရောက်ခဲ့သည်။ ကားဂိ...
မွန်ပြည်နယ် ဆားရုံးသို့ ထွက်လာကြသည်။ ...
များဖြစ်ကြသည့် ဦးဝါတင်၊ ဒေါ်ကြည်သွင်၊ ကိုမဲ...
ကျွန်တော်တို့နှင့် ရှေ့ဆင့်နောက်ဆင့် ရောက်ခဲ့ကြ...

ခဏကြာသောအခါ ပြည်နယ်ဆားလုပ်ငန်းမ...
လာသည်။ ဦးဝင်းသိန်းက ချက်လက်မှတ်စာအု...
ဆားတောင်သူတစ်ဦးချင်းအတွက် ချက်လက်မှတ်...
ဒီချက်လက်မှတ်ပေါ်မှာ ရေးမြို့နယ်ဥက္ကဋ္ဌ လက်မှ...
ငွေထုတ်လို့ရပြီဟု ဆိုလိုက်ပါသည်။ ငွေထုတ်ချက်...
တော့မှ ဆားတောင်သူတို့၏ အပူလုံးများသည် ...
သံလွင်မြစ်ကြီးထဲသို့ မျောပါသွားကြပါတော့သ...

ထိုနေ့ ၁၂-၁-၂၀၀၉ရက်တွင် ဆားတောင်...
ပြန်ဆင်းခဲ့ကြသည်။ ရေးရောက်သောအခါ ညေ...
၁၃-၁-၂၀၀၉ရက်တွင် ကျွန်တော်နှင့် အောင်မြ...
ရောက်သွားပါသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်က...
လိုက်၍ ''လာ-လာ ဦးမင်းဆွေ''ဟုဆိုကာ ရုံ...
ပါသည်။ ''ခုနကပဲ ကိုမဲတုံးတို့အဖွဲ့ လာသွား...
နောက်ကျနေပါလား၊ ချက်လက်မှတ်ပေးပါ''ဟု...
တွင် မဆိုင်းမတွ လက်မှတ်ရေးထိုးပေးလိုက်ပါ...
ရေးမြို့မှာ CDMA ဖုန်းပြောလို့ရနေပြီ။ မင်...
ချပေးတော့မယ်၊ ဦးမင်းဆွေ လျှောက်ထားပြီးပြီလ...
''မလျှောက်ရသေးပါဘူး ဥက္ကဋ္ဌ''ဟု ကျွန်တော်...
တွေ လျှောက်တာတောင် ကြာလှပြီ၊ ဖုန်းကချပေး...
လိုက်ပါ၊ ဦးမင်းဆွေတို့လို ပင်လယ်ကမ်းခြေနားက...
ပေးချပေးမှာပါ''ဟု ဥက္ကဋ္ဌက ဆိုလိုက်ပါသည်...
ကမ်းရိုးတန်းဖုန်းသည် ဆူနာမီဒီလိုင်းနှင့် မုန်တ...
ပင်လယ်ကမ်းခြေများအတွက် အထူးလိုအပ်ပါသ...
ဆိုလျှင်တော့ အမည်ပေါက်လက်ကိုင်ဖုန်း တ...
ကျွန်တော်တစ်ယောက် ကံကောင်းလျှင် အမည်...
တော့မည်။ ယခုထိတိုင် လမ်းဘေးဖုန်းသုံးနေ...
တစ်ယောက် လက်ကိုင်ဖုန်းသုံးနိုင်ပေတော့မည်...
များတွင် ''ဖားမင်းဆွေ စက်ဘီးစီးနေသည်၊ ...
သည်''ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသ...

ပြည်ထောင်စုရဲ့ ပြည်တွင်းအား

★ မွန်ရှမ်းကချင်၊ ကရင်ကယား
စွမ်းအားတည်ကာ၊ ချင်းဗမာနှင့်
မြန်မာ့နွယ်ဖွား၊ ရခိုင်များသည်
သားချင်းခေါ်တွင် တစ်မိဖွား။
ပြည်ထောင်စု၏ ညီနောင်များ။

★ မြန်မာ့နွယ်ရိုး၊ မော်ကွန်းထိုးကာ
မျိုးဆက်ဝင့်ထည်၊ သစ္စာတည်လျက်
ပြည်ထောင်စုရေး၊ စည်အောင်မွေးသည့်
သွေးနီးညီအင် ပြည်ထောင်သား။
ပြည်ထောင်စုစိတ် ဦးထိပ်ထား။

★ သြော်...
ပြည်ထောင်စုဖွား၊ ညီနောင်များ၏
ပွားဉာဏ်တည်ကြည်၊ အားမာန်ညီ၍
ပြည်ထောင်စုနန်း၊ တစ်ခေတ်ဆန်းပြီ
အေးချမ်းသာယာ စည်ဝေပွား။
ခမ်းနားထည်ဝါ ဂုဏ်ထင်ရှား။
ပြည်ထောင်စုရဲ့ ပြည်တွင်းအား။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုလျက် -

ပညာသု

[ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို] ခေတ်မီဖွံ့ဖြိုးတိုးတက်သော [စက်မှုနိုင်ငံ]ကြီးအဖြစ်သို့ ကြိုးပမ်းတက်လှမ်းကြပါစို့

ငါးမင်းဆွေ

ဤလမ်းကို စွန့်စားသွားလာကြည့်ရာ နှစ်ကြိမ်စလုံး မော့ကနင်ရွာအလွန် ကနင်ကမော့ရွာတွင် KNUတို့နှင့်တိုးခဲ့ရသည်။ ယခုတော့ရေး-မော်လမြိုင် ကားလမ်းမှာ ကတ္တရာလမ်းချောဖြစ်လာပြီး နယ်မြေအေးချမ်းလာခြင်းကြောင့် ကားကြီး၊ ကားငယ်၊ဆိုင်ကယ်အသွယ်သွယ် ဥဒဟိုသွားလာနေကြပါပြီ။ ဟိုင်းလပ်ကားလေး စီးရင်း ဖွံ့ဖြိုးခြင်း၊ ငြိမ်းချမ်းခြင်းတို့၏ အရသာကို ချိုမြိန်စွာ ခံစားလိုက်မိပါသည်။

ရေး-မော်လမြိုင်ကားလမ်းဘေးတွင် တိုင်းရင်းသား စံပြကျေးရွာများကို တွေ့ရပါသည်။ ထိုရွာများသည် တောတောင်ထဲတွင် ပြန့်ကျဲနေသော မွန်၊ ကရင်၊ ဗမာစသည့် တိုင်းရင်းသားတို့၏ အိမ်ရာများ ကားလမ်းပေါ်သို့ ရွှေ့ပြောင်းလာခဲ့ခြင်းကြောင့် စံပြကျေးရွာများ စည်စည်ကားကား ပေါ်ပေါက်လာပါသည်။ တိုင်းရင်းသားတို့၏ စံပြကျေးရွာသစ်များတွင် တိုက်ခံအိမ်ကြီး အိမ်ကောင်းများကို တွေ့ရပါသည်။ အနိမ့်ဆုံးပျဉ်ကာ၊ ပျဉ်ခင်းအိမ်ကလေးများ ဖြစ်ကြသည်။ စာသင်ကျောင်းများကို အုတ်ထရံကာ၊ သွပ်မိုးများဖြင့် ခိုင်ခံ့သပ်ရပ်စွာ ဆောက်လုပ်ထားကြသည်။ ဆေးပေးခန်းများ၊ စာကြည့်တိုက်များကိုလည်း တွေ့ရပါသည်။ တောထဲတွင် အိမ်ရာများ တစ်အိမ်စီပြန့်ကျဲစဉ်ကဆိုလျှင် တိုင်းရင်းသားတို့၏ သားသမီးတို့သည် ပညာမသင်ကြားနိုင်ခဲ့ကြပါ။ ယခုတော့ တစုတဝေးတည်း စံပြကျေးရွာများ ပေါ်ထွက်လာ၍ တိုင်းရင်းသားတို့၏ သားသမီးများ ပညာသင်ကြားနိုင်ကြပါပြီ။ ဖျားနာပါက ဆေးရုံ၊ ဆေးခန်းများသို့ လွယ်လင့်တကူ အချိန်မီသွားရောက်နိုင်ကြပါပြီ။ ယခင်က အခြေတကျမရှိသော ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်စားရာမှ ယခုအခါ အခြေတကျဖြစ်သော ရော်ဘာခြံရှင်များ ဖြစ်ခဲ့ကြပါပြီ။ ယခင်က တောထဲတောင်ထဲ ပြေးရလွှားရ ပုန်းခိုရသော ဘဝများမှ ယခုအခါ ကားလမ်းမကြီး၏ နံဘေးတွင် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ကြပါပြီ။ ရေး-မော်လမြိုင်ကားလမ်းဘေးတစ်လျှောက်ရှိ တိုင်းရင်းသားတို့၏ စံပြကျေးရွာသစ်များ၊ သူတို့ပိုင်သော ဥယျာဉ်ခြံမြေများကိုကြည့်ပြီး ဝမ်းသာပီတိဖြစ်မိပါသည်။ တိုင်းရင်းသားများ ညီညွတ်ခြင်း၊ စည်းလုံးခြင်းကြောင့် ဖြစ်ပေါ်လာသော ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းတို့၏ အကျိုးကျေးဇူးများကို တိုင်းရင်းသားများ ကိုယ်တိုင် ခံစားနေကြရပါပြီ။ မည်သည့်ခေတ်အခါကနှင့်မျှမတူဘဲ ယခုအခါ တိုင်းရင်းသားတို့သည် စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြပါပြီ။

မော်လမြိုင်မြို့အဝင် မော်လမြိုင်နှင့်၁၀မိုင်ကွာဝေးသော ဖားအောက်ရွာတွင် နည်းပညာတက္ကသိုလ်ကြီးကို ခံ့ညားထည်ဝါစွာ တွေ့မြင်ရပါသည်။ နည်းပညာတက္ကသိုလ် ကျောင်းသားကျောင်းသူများ တူညီဝတ်စုံများဖြင့် ပျော်ရွှင်စွာ ကျောင်းတက်နေကြသည်ကို တွေ့ရပါသည်။ ဖားအောက်ရွာမှစ၍ ရေး-မော်လမြိုင်ကားလမ်းမကြီးသည် ခြောက်လမ်းသွား အမြန်လမ်းမကြီး ဖြစ်သွား၍ ဟိုင်းလပ်ကားက ကီလို ၁၀၀ကျော်နှုန်းဖြင့် မောင်းနေပါသည်။ မော်လမြိုင်သို့ နံနက်၁၀နာရီခွဲတွင် ဆိုက်ရောက်ခဲ့သည်။ ကားဂိတ်မှ ဆိုင်ကယ်တက္ကစီဖြင့် မွန်ပြည်နယ် ဆားရုံးသို့ ထွက်လာကြသည်။ ရေး မြို့နယ်မှ ဆားတောင်သူများဖြစ်ကြသည့် ဦးဝါတင်၊ ဒေါ်ကြည်သွင်၊ ကိုမဲတုံး၊ ကိုမျိုးခိုင်တို့အဖွဲ့လည်း ကျွန်တော်တို့နှင့် ရှေ့ဆင့်နောက်ဆင့် ရောက်ခဲ့ကြသည်။

ခဏကြာသောအခါ ပြည်နယ်ဆားလုပ်ငန်းမန်နေဂျာ ဦးဝင်းသိန်းရောက်လာသည်။ ဦးဝင်းသိန်းက ချက်လက်မှတ်စာအုပ်ကို ပြုံးရွှင်ဖော်ရွေစွာယူ၍ ဆားတောင်သူတစ်ဦးချင်းအတွက် ချက်လက်မှတ်များ ထုတ်ပေးလိုက်ပါသည်။ ဒီချက်လက်မှတ်ပေါ်မှာ ရေးမြို့နယ်ဥက္ကဋ္ဌ လက်မှတ်ထိုးပြီးလျှင် ရေးဘဏ်မှာ ငွေထုတ်လို့ရပြီဟု ဆိုလိုက်ပါသည်။ ငွေထုတ်ချက်လက်မှတ် လက်ဝယ်ရောက်ရှိတော့မှ ဆားတောင်သူတို့၏ အပူလုံးများသည် မွန်ပြည်နယ် ဆားရုံးရှေ့ရှိ သံလွင်မြစ်ကြီးထဲသို့ မျောပါသွားကြပါတော့သည်။

ထိုနေ့ ၁၂-၁-၂၀၀၉ရက်တွင် ဆားတောင်သူများ ရေးသို့ ချက်ချင်းပြန်ဆင်းခဲ့ကြသည်။ ရေးရောက်သောအခါ ညနေ ၆နာရီရှိပါပြီ။ နောက်နေ့ ၁၃-၁-၂၀၀၉ရက်တွင် ကျွန်တော်နှင့် အောင်မြင့်တို့သည် ရေးမြို့နယ်ရုံးသို့ ရောက်သွားပါသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်က ကျွန်တော်တို့ကို လှမ်းတွေ့လိုက်၍ "လာ-လာ ဦးမင်းဆွေ"ဟုဆိုကာ ရုံးခန်းတွင်းသို့ ခေါ်ဆောင်ခဲ့ပါသည်။ "ခုနကပဲ ကိုမဲတုံးတို့အဖွဲ့ လာသွားသေးတယ်။ ဦးမင်းဆွေက နောက်ကျနေပါလား၊ ချက်လက်မှတ်ပေးပါ"ဟုဆိုကာ ချက်လက်မှတ်ပေါ်တွင် မဆိုင်းမတွ လက်မှတ်ရေးထိုးပေးလိုက်ပါသည်။ "ဒါနဲ့ ဦးမင်းဆွေ ရေးမြို့မှာ CDMA ဖုန်းပြောလို့ရနေပြီ။ မကြာခင် CDMA ဖုန်းတွေ ချပေးတော့မယ်၊ ဦးမင်းဆွေ လျှောက်ထားပြီးပြီလား"ဟု မေးလိုက်ပါသည်။ "မလျှောက်ရသေးပါဘူး ဥက္ကဋ္ဌ"ဟု ကျွန်တော်က ဖြေလိုက်သည်။ "သူများတွေ လျှောက်တာတောင် ကြာလှပြီ၊ ဖုန်းကချပေးတော့မယ်၊ မြန်မြန် လျှောက်လိုက်ပါ၊ဦးမင်းဆွေတို့လို ပင်လယ်ကမ်းခြေနားက လုပ်ငန်းရှင်တွေကို ဦးစားပေးချပေးမှာပါ"ဟု ဥက္ကဋ္ဌက ဆိုလိုက်ပါသည်။ မှန်ပါသည်။ CDMA ကမ်းရိုးတန်းဖုန်းသည် ဆူနာမီဒီလှိုင်းနှင့် မုန်တိုင်းဒီရေဝင်ရောက်နိုင်သော ပင်လယ်ကမ်းခြေများအတွက် အထူးလိုအပ်ပါသည်။ ဥက္ကဋ္ဌ၏ အဆိုတိုင်းဆိုလျှင်တော့ အမည်ပေါက်လက်ကိုင်ဖုန်း တစ်လုံးမျှ မရဖူးသေးသော ကျွန်တော်တစ်ယောက် ကံကောင်းလျှင် အမည်ပေါက်လက်ကိုင်ဖုန်း ရပေတော့မည်။ ယခုထိတိုင် လမ်းဘေးဖုန်းသုံးနေရသေးသော ငါးမင်းဆွေတစ်ယောက် လက်ကိုင်ဖုန်းသုံးနိုင်ပေတော့မည်။ ၂၀၀၇ခုနှစ်က သတင်းစာများတွင် "ဖားမင်းဆွေ စက်ဘီးစီးနေသည်၊ လမ်းဘေးဖုန်းကို သုံးနေသည်"ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ပါသည်။ ယခု ၂၀၀၉ ခုနှစ်တွင် "ဖားမင်းဆွေ ဆိုင်ကယ်စီးနေသည်၊ လက်ကိုင်ဖုန်းကို သုံးနေပြီ"ဟု ပြောင်းလဲရေးရတော့မလို ဖြစ်နေသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အသီးအပွင့်များကို အများနည်းတူ ခံစားရသဖြင့် ကျွန်တော် အလွန်ကျေနပ်ပျော်ရွှင်သွားမိပါသည်။ ယခုအခါ မွန်ပြည်နယ် အဝင် ကျိုက်ထိုမြို့မှသည် မွန်ပြည်နယ်အဆုံး ရေးမြို့အထိ မွန်ကမ်းရိုးတန်း တစ်လျှောက်လုံး CDMA ဖုန်း အသုံးပြုနိုင်ကြပါပြီ။

ရေးဘဏ်မှ ချေးငွေထုတ်ပြီးနောက် ထိုငွေများကို ကျောပိုးအိတ်ထဲထည့်ကာ ဆိုင်ကယ်ဖြင့် ပလိုင်ကီးဆားကွင်းသို့ ထွက်ခဲ့ပါသည်။ နိုင်ငံတော်မှ ထုတ်ချေးပေးလိုက်သော ဤကျောပိုးအိတ်ထဲမှ ငွေများဖြင့် ဆားကွင်းအလုပ်သမားများကို လုပ်ခများ ရှင်းပေးနိုင်ပါတော့မည်။ ဆားရေတင်ရန် ဒီဇယ်ဆီများ ဝယ်နိုင်ပါတော့မည်။ ဟောင်းနွမ်းနေသော အင်ဂျင်စက်များနေရာတွင် စက်သစ်များ အစားထိုးနိုင်ပါတော့မည်။ ပြိုလဲပျက်စီးနေသော ဆားဂိုဒေါင်များကို ပြင်ဆင်နိုင်ပါတော့မည်။ နိုင်ငံတော်က မွန်ပြည်နယ် ဆားတောင်သူများသို့ ထုတ်ချေးလိုက်သော ချေးငွေသည် လမ်းခရီးတွင် ဆီကုန်ခါနီးဖြစ်နေသော ကားတစ်စီးအား လိုရာခရီးရောက်အောင် ဆီဖြည့်ပေးလိုက်သည်နှင့် တူနေပါတော့သည်။ ချေးငွေရ၍ အပျော်ကြီးပျော်နေသော ကျွန်တော်သည် နိုင်လွန်ကတ္တရာလမ်းကဲ့သို့ ချောမွေ့လှသော ရေး-ပလိုင်ကီး ကျေးလက်ဖွံ့ဖြိုးရေး ဂဝံလမ်းမပေါ်တွင် ဆိုင်ကယ်ကို ညက်ညောစွာမောင်းရင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ လက်ရှိအခြေအနေကို သုံးသပ်ကြည့်မိလိုက်ပါသည်။

ဤကားလမ်းနံဘေးမှ ရော်ဘာပင်များကို နိုင်ငံတော်အတွင်းတွင် ဧကသိန်းချီ၍ တိုးချဲ့စိုက်ပျိုးနိုင်ပါသေးသည်။ ရော်ဘာသည် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည်။ ရော်ဘာကုန်ကြမ်းကို အသုံးပြုသော စက်ရုံများစွာ နိုင်ငံအတွင်း ထူထောင်နိုင်ပါသည်။ ကျွန်တော်ထုတ်လုပ်လျက်ရှိသော ဆားသည် စက်မှုကုန်ကြမ်းပစ္စည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ဆားထုတ်လုပ်မှုသည် တစ်နှစ်တန်ချိန် သုံးသိန်းခန့်ရှိသော်လည်း စက်မှုလုပ်ငန်းတွင် တန်ချိန် သုံးသောင်းခန့်သာ အသုံးပြုနိုင်ပါသေးသည်။ စက်မှုဖွံ့ဖြိုးစ အိမ်နီးချင်းနိုင်ငံများတွင် နှစ်စဉ်ဆားတန်ချိန်ခြောက်သိန်းခန့်ကို စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုနေကြပါသည်။ ကျွန်တော်တို့နိုင်ငံ၏ ရေမြေရာသီဥတု အနေအထားအရ နောက်ထပ်ဆားတန်ချိန် ၁၀သိန်းထုတ်ပါဆိုလျှင်လည်း ထုတ်နိုင်ပါသည်။ ကျွန်တော်တို့ နိုင်ငံသည် စက်မှုကုန်ကြမ်း တွင်းထွက်ပစ္စည်းများစွာ ထွက်ရှိပါသည်။ စက်မှုကုန်ကြမ်းသီးနှံ အမြောက်အမြား စိုက်ပျိုးထုတ်လုပ်နိုင်ပါသည်။ စက်မှုလုပ်ငန်းတွင် လိုအပ်သော လောင်စာနှင့် လျှပ်စစ်စွမ်းအင် အရင်းအမြစ် များစွာရှိပါသည်။ စက်ရုံများတွင်လုပ်ကိုင်ရန် လူ့စွမ်းအား အရင်းအမြစ်များလည်း အလုံအလောက်ရှိပါသည်။ စက်မှုကုန်ကြမ်းပစ္စည်းနှင့် ကုန်ချောပစ္စည်းများကို သယ်ယူပို့ဆောင်ရန် လမ်းတံတားများကို နိုင်ငံအဝန်း တည်ဆောက်ထားပြီး ဖြစ်ပါသည်။ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းလာပြီး တရားဥပဒေစိုးမိုးမှုလည်း ရရှိနေပြီဖြစ်ပါသည်။

သို့ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံကြီးအဖြစ်သို့ တက်လှမ်းရန် ရေကန်အသင့်၊ ကြာအသင့် အနေအထားတွင် ရှိနေပါသည်။ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်ကြီးဖြစ်လာစေရန် မြန်မာတိုင်းရင်းသားတို့၏ ရင်ထဲတွင် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ကိန်းအောင်းနေရန် လိုအပ်ပါသည်။ မြန်မာတိုင်းရင်းသားများ အလုပ်ကိုကြိုးစားပမ်းစား လုပ်ကိုင်ကြရန် လိုပါသည်။ မြန်မာတိုင်းရင်းသားများသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်ကြပါလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ်သို့ အမြန်မုချ တက်လှမ်းရောက်ရှိနိုင်ပါမည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသော မြန်မာ တိုင်းရင်းသားများသည် ယခုအခါ **ဘယ်ခေတ်ကာလကနှင့်မျှမတူသော စည်းလုံး ညီညွတ်မှုကို တည်ဆောက်ကြပါပြီ။ တပ်မတော်အစိုးရလက်ထက်တွင် ဆည်မြောင်းတာတမံများ၊ လမ်းတံတားများ၊ ဆက်သွယ်ရေးစနစ်များကို နိုင်ငံအဝန်း ကွန်ရက်သဖွယ် တည်ဆောက်ပေးခဲ့ပါသည်။ ထိုအခြေခံအဆောက်အအုံများကြောင့် ပြည်ထောင်စုကြီးသည် ပို၍ စုစည်းခိုင်မာလာပါသည်။** တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားများစည်းလုံးညီညွတ်မှုရရှိလာခြင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းလာခြင်းနှင့် ပြည်ထောင်စုကြီး စုစည်းခိုင်မာစွာ ဖြစ်ပေါ်လာမှုတို့ကို အခြေခံကာ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် နောက်တစ်ဆင့် ကြိုးပမ်းတက်လှမ်းကြရုံသာရှိတော့သည်။ ဤသို့သော အခြေအနေကောင်းများကို တိုင်းရင်းသားအပေါင်းတို့က ကောင်းစွာသိရှိနားလည်ကာ နိုင်ငံတော်၏ အခြေအနေ၊ အချိန်အခါနှင့် ကိုက်ညီသည့် အကောင်းဆုံးသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို တိုင်းရင်းသား ပြည်သူအပေါင်းတို့က တစ်ခဲနက် အတည်ပြုခဲ့ကြပြီး ဖြစ်ပါသည်။ တစ်ခဲနက် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန် စည်းလုံးညီညာစွာ လက်တွဲကြိုးပမ်းဆောင်ရွက်လျက် ရှိကြပါသည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့က တစ်ခဲနက်အတည်ပြုပြဋ္ဌာန်းပေးလိုက်သော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကဖျက်ယဖျက်လုပ်နေကြသည့် အချို့သော ဘဘကြီး၊ ဦးလေးကြီး၊ အဒေါ်ကြီး၊ အစ်မကြီး၊ အစ်ကိုကြီး၊ ညီငယ်၊ ညီမငယ်တို့အနေဖြင့် အမြင်မှန်ရရှိကာ စည်းလုံးခိုင်မာပြီးဖြစ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ်သို့ ကြိုးပမ်းတက်လှမ်းကြရာတွင် တိုင်းရင်းသား ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြပါရန် အနူးအညွတ် မေတ္တာရပ်ခံပါသည်။ တောင်းပန်ပါသည်။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်း ကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသား အားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသော မြန်မာ တိုင်းရင်းသားများသည် ယခုအခါ ဘယ်ခေတ်ကာလကနှင့်မျှမတူသော စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြ။ တပ်မတော်အစိုးရလက်ထက်တွင် ဆည်မြောင်းတာတမံများ၊ လမ်းတံတားများ၊ ဆက်သွယ်ရေးစနစ်များကို နိုင်ငံအဝန်းကွန်ရက်သဖွယ် တည်ဆောက်ပေးခဲ့။ ထိုအခြေခံအဆောက်အအုံများကြောင့် ပြည်ထောင်စုကြီးသည် ပို၍ စုစည်းခိုင်မာလာ။

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော မွန်ပြည်နယ်

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ပဲခူးခရိုင် ဝေါမြို့နယ်တို့ကို ယှက်သွယ်တည်ဆောက်ပေးထားသည့် စစ်တောင်းမြစ်ကူး စစ်တောင်းတံတား(မုပ္ပလင်)ကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မော်လမြိုင်တက္ကသိုလ်

မွန်ပြည်နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာများ လက်လှမ်းတမီ သင်ယူနိုင်ရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော မော်လမြိုင်တက္ကသိုလ်အဆောက်အအုံကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၈၉၁၅၉၆	၁၅၁၈၃၄၉	၆၂၆၇၅၃
၂	ဆည်တမံ	ခု	၃	၅	၂
၃	မြစ်ရေတင်လုပ်ငန်း	ခု	-	၅	၅
၄	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၆၁.၆၆	၆၁.၆၆
၅	ရထားလမ်း	မိုင်	၁၉၅	၃၃၁.၃၃	၁၃၆.၃၃
၆	ကားလမ်း	မိုင်	၄၀၉	၄၅၁	၄၂
၇	ပေ ၁၈၀အထက်တံတား	စင်း	၄	၁၆	၁၂
၈	စာတိုက်စခန်း	ခု	၅၈	၆၄	၆
၉	ကြေးနန်းရုံး	ရုံး	၃	၇	၄
၁၀	တယ်လီဖုန်းရုံး	ရုံး	၁၁	၃၂	၂၁
၁၁	နိုင်ငံပိုင်စက်ရုံ	ရုံ	-	၁၆	၁၆
၁၂	ပုဂ္ဂလိကစက်ရုံ	ရုံ	၁၁၂၄	၂၅၁၂	၁၃၈၈
၁၃	အခြေခံပညာကျောင်း	ကျောင်း	၁၂၀၅	၁၃၆၁	၁၅၆
၁၄	ပညာရေးကောလိပ်	ခု	-	၁	၁
၁၅	နည်းပညာတက္ကသိုလ်	ခု	-	၁	၁
၁၆	ကွန်ပျူတာတက္ကသိုလ်	ခု	-	၁	၁
၁၇	ဆေးရုံ	ရုံ	၂၀	၃၀	၁၀

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု

ဒေသခံတိုင်းရင်းသားပြည်သူများအား အကျိုးပြုလျက်ရှိသည့် မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီး၌ တည်ဆောက်ထားသော ကတိုက်ရေလှောင်တမံကို ဤသို့ သာမောဖွယ်တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်း သတင်းများ

ကွမ်းလုံ စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ရက်က ကွမ်းလုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမောင်မောင်မြင့်က အမှာစကားပြောကြားပြီး တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ (တန်ဖိုးငွေကျပ် ၂၇၇၀၀၀) လှူဒါန်းကြသည်။
(ခရိုင် ပြန်/ဆက်)

ပညာရေးစုံညီပွဲတော် တမူး၌ကျင်းပ

စစ်ကိုင်းတိုင်း တမူးခရိုင် မြို့သစ်မြို့ အထကခန်းမတွင် ဇန်နဝါရီ၁၅ရက် နံနက် ၁၀နာရီခွဲက ပညာရေးစုံညီပွဲတော် အခမ်းအနားကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးစိန်သောင်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးကြည်ဝင်းက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း ရှင်းလင်းပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

ဒီပဲယင်းမြို့ ခွန်းတောင်းကျေးရွာ၌ စာပေဟောပြော

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ ခွန်းတောင်းကျေးရွာ ကြေးမုံပြင်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ၏ အစီအစဉ်ဖြင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၁ရက် နံနက် ၈နာရီက ခွန်းတောင်း မူလတန်းကျောင်းဝင်းအတွင်း ကျင်းပရာ အမျိုးသားစာပေဆုရ စာရေးဆရာချစ်နိုင် (စိတ်ပညာ)၊ လယ်တွင်းသားစောချစ်နှင့် ချစ်ဦးညိုတို့က စာပေရေးရာများ ဟောပြောကြသည်။
(မြို့နယ် ပြန်/ဆက်)

ကံမမြို့ ရွှေလမင်းသမအသင်း အရပ်ရပ်ဆိုင်ရာ စည်းဝေး

မန္တလေးတိုင်း ကံမမြို့နယ် ရွှေလမင်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇန်နဝါရီ ၁၈ရက်က ကျွန်းကလေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးတင်အောင်တို့က အမှာစကားပြောကြားပြီး သမဝါယမဦးစီးအရာရှိက အသင်း၏ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေကို ဆွေးနွေးသည်။ (မြို့နယ် သ/မဦးစီး)

နွားထိုးကြီးမြို့တွင် ကတ္တရာလမ်းခင်းဆောင်ရွက်

နွားထိုးကြီးမြို့ပေါ်ကတ္တရာလမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းသစ်ကတ္တရာလမ်းခင်းခြင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ရာ ဇန်နဝါရီ ၁ရက်က နွားထိုးကြီး အမှတ်(၅)ရပ်ကွက် သပြေလမ်း ကတ္တရာလမ်းသစ်ကို ငွေကျပ် ၄၃သိန်းကျော် ကုန်ကျခံဆောင်ရွက်ပေးပြီး အမှတ်(၃)ရပ်ကွက် ကပ်ကျော်ဘုရားလမ်းကိုလည်း ကတ္တရာထပ်ပိုးလွှာခင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝ၉၂)**

မိုးကောင်းမြို့၌ အရန်မီးသတ် သင်တန်းဆင်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အရန်မီးသတ်တပ်ရင်းဖွင့်လှစ်သည့် အကြိုအခြေခံမီးသတ်သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၉ရက် မွန်းလွဲ ၁နာရီက ရေရှင်ကျေးရွာ အုပ်စု အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ (ဝဝ၁)

ရေစကြိုတွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ

ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဇန်နဝါရီ ၁၇ရက်မှ ၂၁ရက်အထိ ဘုန်းတော်ပြည့်၊ မြေတော်၊ မိုးကွဲ၊ တေရော်၊ကိုင်း၊ မင်းရွာ၊ နန်းဦး၊ ဝါတိုး၊ ရေယှား၊ နေရင်းကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ၏ အုပ်ချုပ်မှုလုပ်ငန်း ထိရောက်ရေး အလုပ်ရုံဆွေးနွေးပွဲများကျင်းပရာ ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်စန်းယုမော်နှင့်အဖွဲ့လိုက်ပါ၍ ကျေးလက်စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

သာစည်၌ ဆက်သွယ်ရေးဖုန်းများချထားပေး

သာစည်မြို့နယ်အတွင်း မြို့ပေါ်နှင့် ကျေးလက်များတွင် နေထိုင်ကြသည့် ပြည်သူများ ပြည်တွင်းပြည်ပ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဂျီအက်စ်အမ် မိုဘိုင်းလ်ဖုန်း အလုံးရေ ၁၀၀၀ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဖုန်း စိစစ်ချထားရေးကော်မတီက ၂၀၀၈ခု ဒီဇင်ဘာလ အတွင်းတွင် ဖြန့်ဝေချထားပေးခဲ့ပြီး ဖြစ်သည်။ (ဝ၉၄)

မိုးညှင်းမြို့ ကျေးရွာအုပ်စုများ၌ မြေသြဇာကြဲပက်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု ပင်လုံနှင့် မြိုင်သာယာကျေးရွာ တောင်သူဦးကံညွန့်၊ ဦးဘဝင်း၊ ဦးမောင်ပိန်တို့၏ နွေစပါးဧက ၅၀တွင် ဇန်နဝါရီ ၃၁ ရက်က စုပေါင်းဓာတ်မြေသြဇာ ကြဲပက်ပွဲကျင်းပရာ ဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကူညီ အားပေးကြသည်။ **(ဝဝ၂)**

ငါးမျိုးမပြုန်းတီးရေး အသိပညာပေးဟောပြော

စစ်ကိုင်းတိုင်း မြောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ငါးသယံဇာတ မပြုန်းတီးထိန်းသိမ်းရေးနှင့် ငါးမျိုးမပြုန်းတီးရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ဇန်နဝါရီ၂၂ရက် နံနက်၁၀နာရီခွဲက မြောင်မြို့နယ် နဂါးပေါက်ကျေးရွာတွင် ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်ဦးအောင်ကြည်က ငါးမျိုးမပြုန်းတီးရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

ကျိုက္ခမီမြို့-စက်စဲကမ်းခြေ ကမ်းနားလမ်း ဖောက်လုပ်မှုအခြေအနေနှင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကြာပန်း-သဲအိမ်လမ်းပိုင်း အခြေအနေများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၆ရက် နံနက် ၈နာရီက မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ခမီကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ ဖြစ်ထွန်းအောင်မြင်နေသည့် ရော်ဘာစိုက်ပျိုးရေးခြံများ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ကျိုက္ခမီမြို့ရှိ ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်ဘုရားအား ဖူးမြော်ကြည်ညိုသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကျိုက္ခမီ-စက်စဲကမ်းခြေ ကမ်းနားလမ်း ဖောက်လုပ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြမာလာ ကျေးရွာရှိ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကာ ရှုရပ်ကုန်းမှ ကမ်းနားလမ်း ဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ပျော်ရွှင်စွာအပန်းဖြေ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စက်စဲကမ်းခြေသို့ ရောက်ရှိပြီး ကမ်းခြေတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် အပန်းဖြေ ခရီးသွားဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် စက်စဲ-သံဖြူဇရပ်-မော်လမြိုင် ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ စနစ်တကျ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသည့် ရော်ဘာစိုက်ပျိုးရေးခြံများကို ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်မြို့ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း မော်လမြိုင် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိ၍ ဓာတ်အားပေးစက်ရုံ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မော်လမြိုင်မြို့မှ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ကြာပန်း-သဲအိမ် လမ်းအတိုင်း လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ပေါင်မြို့နယ် အုန်းတပင်ကျေးရွာ စုပေါင်းခန်းမ၌ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့နှင့် နယ်မြေခံဆောက်လုပ်ရေး အင်ဂျင်နီယာ တပ်ခွဲတို့က ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းပိုင်းရှိ လမ်းနှင့်တံတားများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းပိုင်းတစ်လျှောက် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်အမှတ် ၁၉မိုင် ၃ဖာလုံနှင့် ၄ဖာလုံအကြားတွင် ကျောက်ချောလမ်းခင်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၁၉မိုင် ၅ဖာလုံနှင့် ၇ဖာလုံကြားတွင် ကျောက်ချောလမ်းပေါ်၌ ဂဝံကျောက်ရင့် ထပ်မံတင်၍ လမ်းကြိတ်စက်ဖြင့် လမ်းချောမွေ့စေရန် ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပေါင်မြို့နယ် သဲအိမ်ကျေးရွာ သဲအိမ် တိုက်နယ်ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ရန်ကုန် ဂေါက်ကလပ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပြပွဲ၊ ပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၁၉၀၉ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ရန်ကုန်ဂေါက်ကလပ်၏ နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ဖေဖော်ဝါရီ၂၂ရက်တွင် ရန်ကုန်ဂေါက်ကွင်းတွင် ကျင်းပမည်ဖြစ်ပြီး နှစ်တစ်ရာပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ရက်မှ စတင်ကျင်းပမည် ဖြစ်သည်။ အသင်းသားများပြိုင်ပွဲ (ရွှေ၊ ငွေ၊ ကြေးအဆင့်၊ သက်ကြီးတန်းရာသက်ပန်နှင့် အမျိုးသမီး)၊ အပျော်တမ်းအဆင့်ပြိုင်ပွဲနှင့် ဆုကြေးစား အဆင့်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

မေးမြန်းစုံစမ်းနိုင်

နှစ်တစ်ရာပြည့် အထိမ်းအမှတ် ပန်းချီနှင့် ဓာတ်ပုံပြပွဲကိုလည်း ဖေဖော်ဝါရီ ၁၅ရက်မှ စတင်ပြသထားမည်ဖြစ်ပြီး ရန်ကုန်ဂေါက်ကလပ် အသင်းဝင်များအားလုံး ပါဝင်ဆင်နွှဲနိုင်ရန်ဖိတ်ခေါ်ထားပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၆၃၅၆၁၇၊ ၆၃၅၅၆၃နှင့် ၇၀၃၇၈၅ တို့သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးကောင်းမြို့၌ စက်ရေတွင်းသစ်ဖွင့်

မိုးကောင်း ဖေဖော်ဝါရီ ၁၂

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ စက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉နာရီခွဲက လမ်းခွကျေးရွာ ရေစက်ရုံရှေ့မှခ်ဦး၌ ကျင်းပရာ မိုးကောင်းမြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် လမ်းခွကျေးရွာဥက္ကဋ္ဌ ဦးနော်ဆိုင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်းသစ်သည် အချင်း ၂လက်မ၊ မြေအောက်သို့ ပေ ၃၀၀ အနက်ရှိပြီး ရေစက်ရုံနှင့် ရေစင်များပါဝင်ကာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၃၃၇၅၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

Supply Chain & Value Chain စကားဝိုင်း ဟောပြောဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု အသင်းချုပ်တို့ ပူးပေါင်း၍ Supply Chain, Value Chain မှန်ကန်မျှတစွာ ဆောင်ရွက်ခြင်းဖြင့် ကုန်ပစ္စည်းများ အရောင်းအဝယ် တိုးတက်ဖွံ့ဖြိုးဖြစ်ထွန်းလာရေး (Marketing development of products by constructing balanced and appropriate supply and value chains) ခေါင်းစဉ်ဖြင့် စကားဝိုင်း ဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ပထမထပ်) မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောဆွေးနွေး

အဆိုပါစကားဝိုင်း ဟောပြောဆွေးနွေးပွဲတွင် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်းက သဘာပတိအဖြစ် ဆောင်ရွက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ် အကြီးတန်းသုတေသနမှူး ဒေါက်တာမောင်အောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) ဦးကျော်မြင့်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲရေးဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်စိုးသူနှင့် ကထိက ဒေါက်တာဒေါ်ဥမ္မာသိန်းတို့က ဟောပြောဆွေးနွေးကြမည် ဖြစ်သည်။

ယင်းစကားဝိုင်း ဟောပြောဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ ဘုရင့်နောင်ကုန်စည်ဒိုင်မှ လုပ်ငန်းရှင်များနှင့် မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်းပြုပြင်

ဖေဖော်ဝါရီ၈ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက် အောင်ဇေယျအိမ်ရာဝင်း အတွင်းရှိ လမ်းများကို ရပ်ကွက်ပြည်သူများ ကိုယ့်အားကိုယ်ကိုး ပြုပြင်ကြစဉ်။
(မြန်မာ့အလင်း)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အတွက် ရတနာပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဇန်နဝါရီလ ၁၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၂ ရက်နေ့အထိ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ရင်ငွေ့လှုံ ကိန်းဝပ်ပူဇော်ခံပြီး ဖြစ်ပါသည်။

အလားတူ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ စတင်၍ မန္တလေးမြို့ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၌ ရင်ငွေ့လှုံ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ပါသည်။

ပူဇော်လှူဒါန်းလိုသူ အလှူရှင်များသည် မန္တလေးမြို့၌ ရင်ငွေ့လှုံကိန်းဝပ် ပူဇော်ခံနေစဉ် ထည့်သွင်းပူဇော်လိုသော ရတနာပစ္စည်းများကို အဆိုပါနေရာဌာနရှိ ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီအဖွဲ့ဝင်များထံ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ အပူဇော်ခံထားရှိသည့်အချိန်တွင် ပန်းထိမ်အဖွဲ့များပါ တစ်ပါတည်းထားရှိပေးမည်ဖြစ်၍ ကိုယ်တိုင်ကိုယ်ကျ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်လိုသည့် ပစ္စည်းများအား လာရောက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

အမှာစကား ပြောကြား

စင်ကာပူ ပညာရေး ဆွေးနွေးပွဲ၌ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စင်ကာပူပညာရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

E 21 Education Services က ကြီးမှူးကျင်းပသည့် စင်ကာပူပညာရေးဆွေးနွေးပွဲကို ဇန်နဝါရီ၃၁ရက် နံနက်၉နာရီမှ ၁၁နာရီအထိ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က အမှာစကားပြောကြား ဖွင့်လှစ်ပြီး စင်ကာပူသမ္မတနိုင်ငံ St. Francis Methodist School ကျောင်းအုပ်ဆရာမကြီး Mrs. Lenie Cho က စင်ကာပူသမ္မတနိုင်ငံ ပညာရေးစနစ်အကြောင်း ရှင်းလင်းပြောကြားကာ တွဲဖက်ကျောင်းအုပ်ဆရာကြီး Mr. Timothy Ow က St.Francis Methodist School အကြောင်း မိတ်ဆက်ပြောကြားကြသည်။

ထို့နောက် Chief Operating Officer Mr.James Teo က St.Francis Methodist School မှ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ ကျောင်း၏ ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ အကြောင်းကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်း

ဆက်လက်ပြီး E 21 Education Services မှ ကျောင်းအုပ်ကြီး ဦးညွှန့်ဝေမိုး က E 21 နှင့် St. Francis Methodist School တို့ ပူးပေါင်းဆောင်ရွက်နေသော ပညာရေး အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

သင်ယူနိုင်

စင်ကာပူ သမ္မတနိုင်ငံတွင် Secondary Level မှ နှစ်နှစ် (သို့မဟုတ်) သုံးနှစ် တက်ရောက်ပြီးဖြစ်စေ၊ GCE (A) Level နှစ်နှစ်တက်ရောက်ပြီးဖြစ်စေ နိုင်ငံတကာ တက္ကသိုလ်များသို့ တိုက်ရိုက်တက်ရောက် နိုင်စေရန် St.Francis Methodist School က တာဝန်ယူ လေ့ကျင့်သင်ကြား ပေးမည်ဖြစ်၍ ယင်းအစီအစဉ်ကို စိတ်ဝင်စား တက်ရောက်လိုသူများအတွက် St. Francis Methodist School မှ တာဝန်ရှိ ပုဂ္ဂိုလ်များက ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အရည်အချင်းစစ်စာမေးပွဲ လာရောက်စစ်ဆေးပေးမည်ဖြစ်ပြီး အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက စင်ကာပူသမ္မတနိုင်ငံ St. Francis Methodist School တွင် ပညာသင်ယူနိုင်မည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါ အရည်အချင်းစစ်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုလိုသူများအား E 21 Education Services က စာမေးပွဲဖြေ ဆိုနိုင်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက E 21 Education Services ၅၁ဘီ ဗိုလ်မြတ်ထွန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၆၀၉၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခြင်ဆေးခွေ
သုံးလျှင်
သတိယုဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

ဆုချီးမြှင့်

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၉) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် စာပေနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၁ရက်က ကျင်းပရာ **Grade(1)** မှ ပထမဆုရရှိသူ မောင်ဇေယျပိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသိန်းက ဆုချီးမြှင့်စဉ်။

(ပညာရေး)

မြို့နယ်များတွင် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြား

သထုံနယ်ကျွန်းမြို့နယ်။ (၁၂၁)

ဒေါပုံမြို့နယ်။ (မြို့နယ်ပြန်/ဆက်)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ (မြို့နယ်ပြန်/ဆက်)

တောင်ဥက္ကလာပမြို့နယ်။ (၁၁၉)

မင်္ဂလာတောင်ညွန့်မြို့နယ်။ (၁၂၃)

တာမွေမြို့နယ်။ (၁၇၁)

THREE FRIENDS CONSTRUCTION CO., LTD.

လုံးချင်းနှင့်အထပ်မြင့်တိုက်များဆောက်လုပ်ပေးခြင်း

(PAE)စနစ် ⇨ (ရွှေညီနောင်း လုပ်အားနှင့်ကြိုကြိုတင်) ပုံစံပြုပြင်ရေးဆွဲပြီး မလိုအပ်သော အပိုကုန်ကျစရိတ်များ ရှောင်ရှား၍ အဖြောင်းအလဲကြောင့် စရိတ်မတက်သည့် ထက်မိုမို ကုန်ကျမှုများ မရှိစေဘဲ မိမိကုန်ကျလိုသော Budget အတိုင်းသာ ကုန်ကျနိုင်ပါသည်။

အရည်အသွေး ⇨ ကျွမ်းကျင်သူ ဆိုက်နှင်သား စီသူကာများက ပုံစံထုတ် အနီးကပ် ကြီးကြပ်စီစဉ် ဆောက်လုပ်သဖြင့် အရည်အသွေး စိုင်မာစိတ်ချရပါသည်။ အရည်အသွေးအတွက် လက်ရှိဆောက်လုပ်ဆဲ၊ ဆောက်လုပ်ပြီး တိုက်များကို လေ့လာနိုင်ပါသည်။

ငွေပေးချေမှု ⇨ အရစ်ကျငွေပေးချေမှု စနစ်သာဖြစ်သဖြင့် ဆောက်ပြီးသလောက် ပေးသကဲ့သို့ တလုံးတခဲ ကုန်ကျစရာ မလိုပါ။

ဆောက်သင့်သူများ ⇨ [illegible]

စုငွေစုမလို ⇨ ဆောက်လုပ်ရေး ပစ္စည်းစျေးနှုန်းမြင့်တက်နေသောကြောင့် စျေးသက်သာစွာ ကိုယ်ပိုင်နေထိုင်ရန် ဆောက်လုပ်နိုင်သည်။

⇨ [illegible]

ကုန်ကျစရိတ် ⇨ [illegible]

44A(1)၊ [illegible] ☎ 397301, 397302, 201478, 294864, 298341, 396683 09-50 10289, 09-50 11443

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် ဆောင်ရွက်ထားသော ပျိုးဥယျာဉ်ကို ဒီဇင်ဘာ ၁၉ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံဦးစီးအရာရှိ ဦးသိန်းထူးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အခြေခံ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဟုမ္မလင်း၌ဖွင့်

ခန္တီး ဖေဖော်ဝါရီ ၉

ခန္တီးခရိုင် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ဟုမ္မလင်းမြို့နယ် ကျွန်းကုန်းကျေးရွာ အလင်းရောင်စာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၅ရက် နံနက်စနာရီက ကျင်းပရာ ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်က ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက်လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဆောင်ရွက်ပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်က လက်တွေ့စာကြည့်တိုက် ပညာရပ်များ ဆွေးနွေးရှင်းလင်းပြောကြားကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ဖျာပုံအမက(၈၈)ကျောင်းဆောင်သစ် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ဖျာပုံ ဖေဖော်ဝါရီ ၃

စာပေနှင့်စာနယ်ဇင်း၊ အနုပညာရှင်များ၊ စာအုပ်လုပ်ငန်းရှင်များနှင့် မိတ်ဆွေများက ငွေကျပ်သိန်း ၂၆၀ ကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့သည့် ဖျာပုံမြို့နယ် ကျုံကူကျေးရွာအုပ်စု ကျုံကူတူးမြောင်းကျေးရွာ အမှတ်(၈၈) အခြေခံပညာမူလတန်းကျောင်းဆောင်သစ် အဆောက်အအုံဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ရက် နံနက်က ယင်းကျောင်းဆောင်သစ်၌ ကျင်းပရာ သရဖူမဂ္ဂဇင်းအယ်ဒီတာချုပ် ဒေါ်နန်းအိအိဇာ၊ မြို့နယ်ပညာရေးမှူး ဒေါ်ကျင်မွေးနှင့် ကျုံကူတူးမြောင်းကျေးရွာ အမှတ်(၈၈) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ကျောင်းဆောင်သစ် အဆောက်အအုံကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ အလှူရှင်များကိုယ်စား စာရေးဆရာ ဖေမြင့် (မြန်မာ့ရတနာစာအုပ်တိုက်)က ပြောကြား၍ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဦးဝင်းချို(ရှုဝံစာအုပ်တိုက်)နှင့် ဦးမြင့်အောင် (ဖိုးအောင်လေး)တို့က မြို့နယ်ပညာရေးမှူး ဒေါ်ကျင်မွေးအား လွှဲပြောင်းပေးအပ်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ဦးမျိုးညွန့်(စာပေလောကစာအုပ်တိုက်)က လက်ခံယူသည်။ **(၁၃၈)**

ဂန့်ဂေါ၌ ကျောင်းပေါင်းစုံအားကစားပြိုင်

ဂန့်ဂေါ ဇန်နဝါရီ ၂၈

ဂန့်ဂေါမြို့နယ် မောက်ကျေးရွာဒေသရှိ အခြေခံပညာအလယ်တန်းကျောင်း၊ မူလတန်းလွန်ကျောင်းနှင့် မူလတန်းကျောင်းများ၏ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၁ရက် ညနေ ၃နာရီက သာကောင်းကျေးရွာ မူလတန်းလွန်ကျောင်း အားကစားကွင်း၌ကျင်းပရာ သာကောင်းကျေးရွာဥက္ကဋ္ဌ ဦးမြင့်ကြိုင်နှင့် မောက်ကျေးရွာအထက(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စောတင့်တို့က အမှာစကား ပြောကြားသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်နှင့် ၂၃ ရက် နံနက်ပိုင်းက ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ထုပ်ဆီးတိုး၊ အပြေးပြိုင်ပွဲ၊ ဂဏန်းသင်္ချာတွက်ပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ ယှဉ်ပြိုင်ကစားကြ၍ ညပိုင်းတွင်ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ သီဆိုပြိုင်ပွဲနှင့် အကပြိုင်ပွဲများ ကျင်းပကြရာ ဆုရသူများအား မောက်အထက(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စောတင့်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (၀၇၁)

ပန်းဘဲတန်းမြို့နယ် အမက(၂)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၈ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ မရှုမငြီးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းနွဲ့က ဆုချီးမြှင့်စဉ်။ (ပညာရေး)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ပညာတံခွန်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေး၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မြင့်နိုင်ဦးနှင့် အမှုဆောင်အရာရှိ ဦးကျော့ချိမ်းမြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

နွယ်သစ်မွန် စာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်ပွဲ ပုလဲမြို့နယ်တွင် ကျင်းပ

ပုလဲ ဖေဖော်ဝါရီ ၂

ပုလဲမြို့နယ် နွယ်ရှောက်ရွာ နွယ်သစ်မွန်စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာပွဲကို ဇန်နဝါရီ ၂၈ရက် နံနက်၉နာရီက စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

ပန္နက်တင်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်ထွန်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရတနာအုတ်များဖြင့် ပန္နက်တင်မင်္ဂလာပွဲ ကျင်းပသည်။

ဆောက်လုပ်မည်

အဆိုပါ မြေနေရာ အကျယ်အဝန်း ပေ(၄၀×၃၀)တွင် (၂၆×၂၁×၁၅)ပေ နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပြီး အဆောက်အအုံ အမျိုးအစားမှာ နံကပ်၊ အုတ်ခင်း၊ သွပ်မိုးအမျိုးအစား ဖြစ်သည်။

ယင်းဆောက်လုပ်မည့် အဆောက်အအုံ၏ ခန့်မှန်းကုန်ကျငွေမှာ ကျပ်သိန်း ၂၅၀ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိမင်္ဂလာဈေးတွင် မီးဘေးကြိုတင် ကာကွယ်တားဆီးရေးအတွက် ဒီဇင်ဘာ ၂၀ရက်က မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့များနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းကို အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့်ဈေးအကျိုးတော်ဆောင်အဖွဲ့များ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

၁၉၆၄-၆၅ မှ ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်များသမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကမ္ဘာအေး ဘုရားလမ်း ရွှေဂုံတိုင်ရှိ Excel Treasure Hotel 10th Floor၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဦးဉာဏ်ဝင်း(၁၉၆၇) ဖုန်း-၂၀၃၁၅၄၊ ဦးဝင်းနိုင် (၁၉၆၉) ဖုန်း-၅၅၂၃၆၅၊ ဦးနန်းအောင် (၁၉၇၀) ဖုန်း-၅၇၉၈၃၈၊ ဦးမျိုးမြင့် (၁၉၇၀) ဖုန်း-၇၂၁၅၂၂၊ ဦးဝင်းကြွယ် (၁၉၇၄) ဖုန်း-၀၉-၅၁-၆၆၁၆၄၊ ဦးအောင်ကျော်မင်း (၁၉၇၈) ဖုန်း-၀၉-၅၀-၂၀၁၆၃၊ ဒေါ်ခင်သိန်းဝင်း (၁၉၇၉) ဖုန်း-၅၁၂၂၈၆၊ ဒေါ်စိန်ကျင် (၁၉၇၉) ဖုန်း-၂၉၂၁၆၄၊ ဒေါက်တာခင်စောနွဲ့ (၁၉၈၂)ဖုန်း-၅၅၆၂၁၇၊ဒေါက်တာစန္ဒာနိုင် (၁၉၈၆) ဖုန်း-၀၉-၅၁-၂၆၄၅၂၊ ဦးမျိုးလွင် (၁၉၉၅) ဖုန်း-၀၉-၅၁-၀၃၃၅၅၊ ဦးကျော်ထွန်း(၁၉၉၅) ဖုန်း-၀၉-၅၁-၆၁၂၂၀၊ ဦးကိုကိုနိုင် (၁၉၉၅) ဖုန်း-၀၉-၅၀-၁၉၄၈၈၊ ဒေါက်တာစုစုနိုင် (၁၉၉၅) ဖုန်း-၀၉-၅၁-၉၃၀၀၂၊ ဦးလင်းမြင့် (၁၉၉၅) ဖုန်း-၀၉-၅၀-၀၃၅၀၄နှင့် ဦးမောင်မောင်ကြွယ် ဖုန်း-၆၆၆၇၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်

ကမ္ပည်းမော်ကွန်းကျောက်စာတိုင်နှင့် ပြတိုက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၂

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (Gems Museum) (နေပြည်တော်)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅မိနစ်တွင် နေပြည်တော် မြို့မသပြေကုန်းရပ်ကွက် သပြေကုန်းအဝိုင်းအနီးရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်နှင့် ပြတိုက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ (ဓာတ်ပုံ)

စာမျက်နှာ ၅ ကော်လံ ၁ ●

၂၀၀၉ ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား

နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ဥပစာရင်ပြင်၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ် ရှင်သန်ထွန်းကားရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး *စာမျက်နှာ ၆ ကော်လံ ၁* ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၉ ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ၂၀၀၉ ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဖတ်ကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
(၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု

- ပြည်ထောင်စုရဲ့ ပြည်တွင်းအား — ပညာသု၏ ကဗျာ စာ - ၈
- တပ်မတော် အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော မွန်ပြည်နယ် — စာ - ၁၀
- **စည်းလုံးခိုင်မာသည့် ပြည်ထောင်စုကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အဖြစ်သို့ ကြိုးပမ်းတက်လှမ်းကြပါစို့** — ငါးမင်းဆွေ၏ဆောင်းပါး (စာ - ၈ နှင့် ၉)